# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၁)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတက သမ္မတ အိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❂

## တရုတ်နိုင်ငံ ဟောင်ကောင် ကုန်သည်ကြီးများအသင်းက ငှက်ပျောလျှော်နှင့် မြက်မှ ထုတ်လုပ်သည့် လက်မှုပစ္စည်းများ ဝယ်ယူ

ရန်ကုန် ဇူလိုင် ၂

Green Banana Myanmar ၏ စွန့်ဦးတီထွင်လုပ်ငန်းဖြစ်သည့် ငှက်ပျောလျှော်နှင့် မြက်မှ ထုတ်လုပ်သည့် အရည်အသွေးမြင့် လက်မှုပစ္စည်းများကို တရုတ်နိုင်ငံ ဟောင်ကောင် ကုန်သည်ကြီးများ အသင်းက ဝယ်ယူရန်အတွက် ဇွန် ၃၀ ရက်က သဘောတူ

*စာမျက်နှာ ၁၃ ကော်လံ ၁* ◆



**ယနေ့ မိုးလေဝသ**

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာအပိုင်း(၂)ရှိ လေးခန်းတွဲ လေးထပ် တိုက်ခန်းများအား လျှောက်ထားသူများသို့ မဲနှိုက်နေရာချထားပေး

နေပြည်တော် ဇူလိုင် ၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်း၏ အနောက်ဘက် သုခတော်ဝင်အိမ်ရာအပိုင်း(၂)ရှိ လေးခန်းတွဲ လေးထပ် (အိပ်ခန်း နှစ်ခန်းပါ ) 4U4S (2 Beds) တိုက်ခန်းများ အား လျှောက်ထားသူများသို့ မဲနှိုက်နေရာချထားခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။


*စာမျက်နှာ ၁၁ ကော်လံ ၁* ❑

## တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက် မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်

*စာမျက်နှာ ၂ ကော်လံ ၃* ○




**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ်၅၃/၂၀၂၆ ထုတ်ပြန်**
*ပြည်တွင်းသတင်း ◆ စာ ◆ ၄*

**ဘင်းမ်စတက်နှင့် လင်းလက်တော့မည့် မြန်မာပြည်**
*ဆောင်းပါး ◆ စာ ◆ ၆*

**အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေး**
*လွှတ်တော်ရေးရာ ◆ စာ ◆ ၈*

**အင်ဒိုနီးရှားနိုင်ငံက ရေထွက်ကုန် ထုတ်လုပ်မှုမြှင့်တင်ရန် ငါးဖမ်း ရေယာဉ် ၄၅၀၀ ကျော်ကို အဆင့်မြှင့်တင်မည်**
*နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄*

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အာမခံဆိုင်ရာ ဆွေးနွေးမည်**
*ပြည်တွင်းသတင်း ◆ စာ ◆ ၁၅*

❂ *ရှေ့ဖုံးမှ*

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက အဆွေတော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မိမိတို့ မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ရှည်လျားသည့် ခရီးစဉ်လမ်းကြောင်းအဖြစ် ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှား ထိုမှတစ်ဆင့် မိမိတို့နိုင်ငံသို့ လာရောက်ခြင်းသည် မိမိတို့နိုင်ငံ အပေါ် အထူးခင်မင်မှုအနေဖြင့် အလုပ်သဘော ချစ်ကြည်ရေးခရီးအဖြစ် အလေးထားလာရောက်မှုအပေါ်တွင် မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ၅ ကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ်ခင်မင်ရင်းနှီးမှုကို ဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့် တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး မိမိကိုသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်၌ အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်နှင့် အဖွဲ့ဝင်များအား မိမိတို့မြန်မာနိုင်ငံမှ ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ကြိုဆိုပါကြောင်းဖြင့် ခရီးဦးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

**ခြေလှမ်းသစ်ကိုစတင်ရမည့် အချိန်အခါဖြစ်**

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် မိမိတို့တွေ့ဆုံခဲ့မှုမှာ အဆွေတော်ပြောကြားခဲ့သကဲ့သို့ ၅ ကြိမ်ရှိပြီဖြစ်ပြီး နှစ်နိုင်ငံအချင်းချင်းရင်းနှီးသည့် ဆက်ဆံမှုများရှိသကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများရှိပါကြောင်း၊ လက်ရှိနှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးပူးပေါင်း၍ ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကို စတင်ရမည့် အချိန်အခါဖြစ်ပါကြောင်း၊ အဆွေတော်တို့ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အဆွေတော်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူသည်ကို ထပ်မံပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ (၂၀၂၆-၂၀၂၈) ခုနှစ်ကာလအတွက် ပူးတွဲဆောင်ရွက်မည့် လုပ်ငန်းစီမံချက်(Joint Action Plan)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုကဏ္ဍနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ရင်းနှီးနွေးထွေးစွာ တည်ခင်းဧည့်ခံ**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော်၌ ညစာစားပွဲဖြင့် ရင်းနှီးနွေးထွေးစွာ တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတအိမ်တော်မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ်ခင်မင်ရင်းနှီးမှုကိုဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့် တန်ဖိုးထား၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်၌ အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိ၊ မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားလို**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

❍ **လက်ရှိနှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ပူးပေါင်း၍ ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကို စတင်ရမည့်အချိန်အခါဖြစ်၊ အဆွေတော်တို့မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အဆွေတော်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူသည်ကို ထပ်မံပြောကြားလို၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို



## ပညာရေးဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများက သတ်မှတ်နေရာတွင် ပျိုးပင်များကိုဦးဆောင်စိုက်ပျိုးပြီး တက်ရောက်လာသူများက ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပင်၊ ကျွန်းပင်၊ ငုရွှေဝါပင်၊ စိန်ပန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ မဲဇလီပင်နှင့် ရင်းမာပင် စသည်ဖြင့် ရတနာတန်းဝင်နှင့် အရိပ်ရလေကာအပင် စုစုပေါင်း ၄၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိ




**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးလာရောက်သည့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိသည်။

**ရင်းနှီးနွေးထွေးစွာကြိုဆို**

ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

**ဂုဏ်ပြုကြိုဆို**

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ မြန်မာကလေးငယ်နှစ်ဦးက ပန်းစည်း ကမ်း၍လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်တွင်း / ပြည်ပအလုပ်သမားဆိုင်ရာကော်မတီအား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I-1)ရှိ ပြည်တွင်း/ ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။**(ယာပုံ)**

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ တွေ့ဆုံပွဲသို့ သီးခြားဖိတ်ကြားထားသည့် အလုပ်သမားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းတို့ကလည်း ယခင်လုပ်ငန်းအတွေ့အကြုံများအရ လုပ်ဆောင်သင့်သည့် လုပ်ငန်းများ၊ ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ၏ လုပ်ပိုင်ခွင့်၊ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာကိစ္စရပ်များ၊ ကော်မတီတွင် ပါဝင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာဆည်းပူးသွားကြရန်နှင့် အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ ပြည်သူ့လွှတ်တော်တွင် လွှတ်တော်လုပ်ငန်းစဉ်များကို အထောက်အကူပြုရန် အမြဲတမ်းကော်မတီ လေးခု အပါအဝင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ ယင်းကော်မတီများအနက် ယနေ့တွေ့ဆုံသော ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီသည် အရေးပါသည့် ကော်မတီတစ်ခုဖြစ်ပါကြောင်း၊ မည်သည့်ကော်မတီမဆို လွှတ်တော်အား အထောက်အကူပြုသည့် ဒေါက်တိုင်များဖြစ်ပြီး လွှတ်တော်ငယ်များဟုလည်း ခေါ်ဆိုနိုင်ကြပါကြောင်း၊ အလုပ်သမားကိစ္စအား စဉ်းစားရာတွင် ပြည်တွင်းရှိ ကာယဉာဏ အလုပ်သမားများ၊ ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားအလုပ်သမားများနှင့် ပြည်ပရှိ အလုပ်သမားများက မိခင်နိုင်ငံသို့ လုပ်ခလစာများ ပြန်လည်လွှဲပြောင်းပေးပို့သည့် (Remittances) များဟူ၍ အဓိကအပိုင်း(၃)ပိုင်းကို အလေးထားစဉ်းစားရန်ဖြစ်ကြောင်း။

ပြည်တွင်းအလုပ်သမားများနှင့် ပတ်သက်၍ ၎င်းတို့၏ ခံစားခွင့်၊ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီဖြစ်စေရေး လေ့လာကြရန်လိုကြောင်း၊ နောက်ထပ်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုမှာ နိုင်ငံတော်တွင် ပြည်တွင်းတည်ဆဲဥပဒေ ၄၁၉ ခု၊ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောဥပဒေ ၁၂၀ ခန့်ရှိကြောင်း၊ ယင်းဥပဒေများအား သက်ဆိုင်ရာ ကော်မတီအလိုက် ဖြန့်ခွဲပေးမည်ဖြစ်၍ ယင်းဥပဒေများအား ခေတ်ကာလ အခြေအနေနှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ် ပြဋ္ဌာန်းခြင်း စသည့်လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ရှိသည့်အနက် ခန့်မှန်း ၆ သန်းကျော်ခန့်သည် ပြည်ပသို့ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်ဟု စာရင်းဇယားများအရ သိရှိရကြောင်း၊ ဤမျှများပြားသော ပမာဏရှိသည့် အလုပ်သမားများအတွက် ဥပဒေအရ အကာအကွယ်ရရှိရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့်သက်ဆိုင်သောဝန်ကြီးဌာနများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေး၍ ပြည်ပရှိအလုပ်သမားများအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရမည့်ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းရန်လိုကြောင်း။

ပြည်ပရှိ အလုပ်သမားများအတွက် အကာအကွယ်ပေးရန် အနိမ့်ဆုံးအဆင့်ကော်မတီနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်လိုကြောင်း၊ ဥပဒေများကို ပြင်ဆင်ရေးဆွဲရာတွင် ILO စံချိန်စံညွှန်းများကိုပါ လေ့လာ၍ ဂရုပြုရေးဆွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပရှိ အလုပ်သမားများနှင့် ပတ်သက်၍ အလုပ်အကိုင် ရှာဖွေဆောင်ရွက်နေသော အေဂျင်စီများ၏ လုပ်ငန်းစဉ်များကိုလည်း စနစ်တကျလေ့လာသုံးသပ်၍ နိုင်ငံအတွက် နစ်နာမှု မရှိရအောင် ကြိုးပမ်းဆောင်ရွက်သွားရေးလုပ်ငန်းများကိုလည်း အလေးအနက်ထားဆောင်ရွက်သွားကြစေလိုကြောင်းစသည်ဖြင့် အကျယ်တဝင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၄။ ပါတီတစ်ခုသည် –

(က) ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်း ပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒသဘောတရားကို ပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါ ပြင်ဆင်ချက်များကို ကော်မရှင်သို့ တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်၍ ခွင့်ပြုပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ၁၅ ဦးထက်မနည်းသော ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းအား ကော်မရှင်သို့ တင်ပြရမည်။

(ဂ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်း ပြောင်းလဲပါက ကော်မရှင်သို့ ၇ ရက်အတွင်းတင်ပြရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၅ နည်းဥပဒေခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ ဆက်လက်ရပ်တည်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကော်မရှင်က ဆုံးဖြတ်သတ်မှတ်ပေးရမည်။"

**(ပုံ)သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။ **(ယာပုံ)**



အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး႒ာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့နေထိုင်သည့် ကမ္ဘာမြေအဝန်းတွင် နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြရသည့် ပြဿနာသည် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း အစရှိသည့် ကြီးမားသော သဘာဝဘေးအန္တရာယ်ပင်ဖြစ်ကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းသည် သစ်ပင်များ စိုက်ပျိုးရန်နှင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများကို အဆိပ်အတောက်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ဖယ်ရှားသန့်စင်ပေးပြီး သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နေနိုင်ရန်အတွက် များစွာအရေးပါသည့် အောက်ဆီဂျင်ကိုလည်း ထုတ်လွှတ်ပေးနေသည့်အပြင် ရာသီဥတုမျှတစေရန်၊ မြေဆီလွှာပျက်စီးမှု လျော့ပါးစေရန်၊ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန် စသည့်သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက်လည်း ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အားလုံး သိရှိထားရန်လိုကြောင်း။

မိမိတို့ ဗုဒ္ဓဘာသာအရ သစ်ပင်စိုက်ပျိုးခြင်းသည် မွန်မြတ်သည့် ကုသိုလ်တစ်ပါးဖြစ်ပြီး ထာဝရကုသိုလ်သို့မဟုတ် နိစ္စကုသိုလ် (နေ့စဉ်အကျိုးပေးတဲ့ ကုသိုလ်) ဟု ခေါ်ဆိုနိုင်ခြင်းဖြစ်သည့်အတွက် ထူးကဲမွန်မြတ်ပြီး တန်ဖိုးဖြတ်မရသည့် ကုသိုလ်ပြုခြင်း တစ်မျိုးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ လူသားတို့ နေထိုင်ရာ ကမ္ဘာမြေပေါ်တွင် သစ်ပင်၊ သစ်တောများ ရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်ကာလ၏ အကျိုးစီးပွား၊ အနာဂတ်ကာလ၏ ဖွံ့ဖြိုးမှု" ဟု ဆိုထားသည့်အတိုင်း နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာ ဖူလုံစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှု ဧရိယာ ဒုတိယအများဆုံးနိုင်ငံဖြစ်သော်လည်း အပူပိုင်း ၁၃ ခရိုင် အပါအဝင် မြေလတ်ဒေသမြို့ကြီးများတွင် သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်း ယခုအခါနည်းပါးသည်ကို တွေ့နေရကြောင်း၊ မကြာသေးမီနှစ်များကစတင်ပြီး အလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်ဆုံးစာရင်းဝင်သည်အထိ အပူချိန်တိုးလာခဲ့ကြောင်း၊ ၎င်းသည် သစ်ပင်သစ်တော နည်းပါးခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း၊ ရာသီဥတု ပူပြင်းလာသည်နှင့်အမျှ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး သဲကန္တာရဖြစ်ထွန်းမှု အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် သစ်တောဖုံးလွှမ်းမှု သိသာထင်ရှားစွာ တိုးလာစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက နိုင်ငံတော် တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပွဲအထိ စုစုပေါင်း (၄၅) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင်စသည့် အပင်မျိုးစုံ ၂၁၈၂၅ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပိတောက်ပင် ၆၀၀၊ စုစုပေါင်း ၂၄၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုလို သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပနေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိမ်းလန်းသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းထက် စိုက်ပျိုးပြီးနောက် ရှင်သန်ကြီးထွားလာစေရန် ပြုစုစောင့်ရှောက်ခြင်းကလည်း ပိုပြီးအရေးကြီးကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်၍ သစ်ပင်စိုက်ပျိုးရာတွင် တာဝန်ကျေစိုက်ပြီး ပစ်ထားသည့် စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင် ထိန်းသိမ်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှ အပင်ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ချပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိကမ္ဘာကြီး၏ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ လူသားအားလုံး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားနေရမှု လျော့ပါးသက်သာစေရေး၊ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေးတို့အတွက် သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်းကို မှာကြားလိုကြောင်း၊ ထို့ကြောင့် "သစ်တောတွေထိန်း၊ တောတွေ စိမ်းမှ၊ ငြိမ်းချမ်း ပြည်ရွာ၊ နိုင်ငံသာ၏" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတု ပြန်လည်မျှတကောင်းမွန်စေရေးနှင့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်များ စဉ်ဆက်မပြတ် တည်တံ့စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းသည် ကုသိုလ်ထူးကို ရရှိစေသည်ဖြစ်၍ စေတနာရှေ့ထား လုပ်ဆောင်သွားကြရန်၊ "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တစ်ပင်စိုက် တစ်ပင်ရှင် စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်အောင် ရည်မှန်းချက်ထား စိုက်ပျိုးသွားကြရန်၊ သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်ဖြစ်ထွန်းစေရန် စနစ်တကျစီမံစိုက်ပျိုးသွားကြရန်၊ မိမိတို့တပ်မတော်အနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၅၇၁၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၈၃၉၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၂၄၂၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၀၀၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၆၄၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၇၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၈၄၇၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၇၆၉၂ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၄၁၁၁၉ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၅၀၆၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၉၄၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၃၈၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၅၈၂၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၆၄၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော် တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၈၈၇၇ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁၃) ဖွင့်

**နေပြည်တော် ဇူလိုင် ၂**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ်(၁၃) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနယ်ပယ်တွင် ဘဏ္ဍာငွေ ရရှိမှုအရင်းအမြစ်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ရေး၊ အသုံးစရိတ်များကို စနစ်တကျခွဲဝေရေး၊ ခွဲဝေပေးထားသည့် အသုံးစရိတ်များကို နိုင်ငံတော်အတွက်၊ အများပြည်သူ အကျိုးစီးပွားအတွက် ထိရောက်မှုရှိစွာ သုံးစွဲနိုင်ရေး၊ စာရင်းများကို စနစ်တကျ ပြုစုခြင်းနှင့် အစီရင်ခံတင်ပြရေး၊ စောင့်ကြည့် ထိန်းကျောင်းရေး၊ သုံးသပ်အစီရင်ခံရေးစသည့် အဆင့်လိုက် လုပ်ငန်းစဉ်များစွာပါဝင်ပြီး အထူးသဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းနှင့်လုပ်ငန်း စစ်ဆေးခြင်း အပိုင်းများကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ယခုသင်တန်းသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၂၃ ခုမှ သင်တန်းသား၊ သင်တန်းသူ အရာထမ်း ၄၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘင်းမ်စတက်နှင့် လင်းလက်တော့မည့် မြန်မာပြည်

**ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုရှုပ်ထွေးပွေလီလာပြီး နိုင်ငံတစ်ခုချင်းစီ၏ ရှင်သန်ဖွံ့ဖြိုးမှုအတွက် ဒေသတွင်း မဟာမိတ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာနေပါသည်။**

**မောင်မိုးဇက် (နံ့သာမြေ)**

မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် စီးပွားရေးအသိုက်အဝန်းအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဟုဆိုလျှင် အရှေ့တောင်အာရှနိုင်ငံများအသင်း သို့မဟုတ် အာဆီယံ (ASEAN) ကိုသာ ပြေးမြင်လေ့ရှိကြသော်လည်း လက်ရှိတွင် အာဆီယံထက်ပင် ထိရောက်ပြီး အလားအလာရှိသော မဟာဗျူဟာမြောက်အဖွဲ့ဖြစ်သည့် အခြားပလက်ဖောင်းတစ်ခုကိုပါ မလွဲမသွေ ရှုမြင်အသုံးချကြရတော့မည်ဖြစ်ပါသည်။

ထိုအဖွဲ့အစည်းမှာ ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းခန့် (လူဦးရေ ၁ ဒသမ ၈ ဘီလီယံနီးပါး)ကို ကိုယ်စားပြုပြီး စုစုပေါင်း GDP အမေရိကန်ဒေါ်လာ ၅ ထရီလီယံနီးပါးရှိသော ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (BIMSTEC)ပင် ဖြစ်ပါသည်။

**အဖွဲ့ဝင် ခုနစ်နိုင်ငံပါဝင်သည့် ဤမဟာမိတ်အဖွဲ့ကြီးတွင် မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကို ကုန်းလမ်းဖြင့် ဆက်သွယ်ပေးထားသည့် တစ်ခုတည်းသော မဟာဗျူဟာမြောက်ကုန်းတွင်းတံတားနိုင်ငံ (Land Bridge) ထက်ပိုသော ဆုံချက်နိုင်ငံအဖြစ် တည်ရှိနေသည်။ ထို့ပြင် အဖွဲ့ကြီး၏ အသက်သွေးကြောဖြစ်သော "လယ်ယာစိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေး" ကဏ္ဍကို အဓိကတာဝန်ယူ ဦးဆောင်နေရသည့် နိုင်ငံလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဘင်းမ်စတက်သည် မြန်မာနိုင်ငံအတွက် စာရွက်ပေါ်က မူဝါဒရေးရာ သဘောတူညီချက် သက်သက်မျှသာမဟုတ်ဘဲ လက်တွေ့ကျသော စီးပွားရေးအကျိုးအမြတ်များ၊ စိန်ခေါ်မှုများနှင့် ကြီးမားသောသံတမန်ရေးရာ အလှည့်အပြောင်းများ ဒွန်တွဲနေသည့် လမ်းဆုံလမ်းခွတစ်ခု ဖြစ်နေပါသည်။**

### ကြီးမားသော ဈေးကွက်နှင့် မြန်မာ့အတွက် အခွင့်အလမ်း

ဘင်္ဂလားပင်လယ်အော်ဒေသသည် ရှေးယခင်ကတည်းက ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေး၏ အချက်အချာကျသော လမ်းဆုံလမ်းခွ ဖြစ်ခဲ့ပါသည်။ ယနေ့ခေတ်တွင်လည်း မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ "Act East Policy" နှင့် ထိုင်းနိုင်ငံ၏ "Look West Policy" တို့ ဆုံစည်းရာ ဗဟိုချက်တွင် တည်ရှိနေပါသည်။ လူဦးရေသန်းထောင်ချီရှိသည့် အိန္ဒိယနှင့် လူဦးရေသိပ်သည်းသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ပါဝင်နေခြင်းက မြန်မာ့လယ်ယာထွက်ကုန်များအတွက် အားအကောင်းဆုံး ဈေးကွက်တစ်ခု ဖြစ်နေပါသည်။

**လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နောက်ဆုံးရ စာရင်းဇယားများအရ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံအထိ ရောက်ရှိလာခဲ့ပြီး အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အများဆုံးကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက် ရှိပါသည်။ အထူးသဖြင့် အိန္ဒိယဈေးကွက်သို့ တင်ပို့နေရသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ စသည့်ပဲမျိုးစုံထွက်ကုန်များသည် မြန်မာ့လယ်ယာစီးပွားရေးနှင့် တောင်သူများအတွက် အသက်သွေးကြောသဖွယ် ဖြစ်နေပါသည်။ ထို့ပြင် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံက ကမ္ဘာ့ဈေးကွက်သို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၇၄ သန်းကျော် (အမေရိကန်ဒေါ်လာ ၈၆၁ သန်းဖိုး) အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စားရေရိက္ခာလိုအပ်ချက်နှင့်** နှစ်နိုင်ငံဆန်တင်ပို့မှု သဘောတူညီချက်များကိုလည်း အဓိကအခန်းကဏ္ဍမှ ပံ့ပိုးပေးခဲ့ပါသည်။

> **" လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နောက်ဆုံးရ စာရင်းဇယားများအရ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံအထိ ရောက်ရှိလာခဲ့ပြီး အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အများဆုံးကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက် ရှိပါသည်။ အထူးသဖြင့် အိန္ဒိယဈေးကွက်သို့ တင်ပို့နေရသည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ စသည့် ပဲမျိုးစုံထွက်ကုန်များသည် မြန်မာ့လယ်ယာစီးပွားရေးနှင့် တောင်သူများအတွက် အသက်သွေးကြောသဖွယ် ဖြစ်နေပါသည်။ ထို့ပြင် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံက ကမ္ဘာ့ဈေးကွက်သို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၇၄ သန်းကျော် (အမေရိကန်ဒေါ်လာ ၈၆၁ သန်းဖိုး)အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စားရေရိက္ခာလိုအပ်ချက်နှင့် နှစ်နိုင်ငံဆန်တင်ပို့မှု သဘောတူညီချက်များကိုလည်း အဓိကအခန်းကဏ္ဍမှ ပံ့ပိုးပေးခဲ့ "**

မြန်မာနိုင်ငံသည် "လယ်ယာစိုက်ပျိုးရေးနှင့် **စားရေရိက္ခာဖူလုံရေး"** ကဏ္ဍကို အဓိက တာဝန်ယူဦးဆောင်ခွင့်ရရှိထားသည့်အတွက် မိမိတို့၏လယ်ယာထွက်ကုန်များကို ဒေသတွင်းဈေးကွက်သို့ အကောက်ခွန်သက်သာခွင့်များဖြင့် တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းလည်း ရှိနေပါသည်။ လယ်ယာထွက်ကုန်ဈေးကွက်အပြင် "အပြာရောင်စီးပွားရေး" (Blue Economy) ဟုခေါ်သည့် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတစ်လျှောက် ရေလုပ်ငန်း၊ ရေကြောင်းကုန်သွယ်မှုနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများသည်လည်း မြန်မာနိုင်ငံအတွက် ရရှိနိုင်မည့် အခွင့်အလမ်းများပင် ဖြစ်ပါသည်။ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ထံမှ ခေတ်မီစိုက်ပျိုးရေးနည်းပညာ (Agri-Tech) ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ရယူနိုင်ပါက မြန်မာ့ကုန်စည်များကို တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) အဖြစ် ကမ္ဘာ့ဈေးကွက်သို့ မြှင့်တင်ပေးပို့နိုင်မည်ဖြစ်ပါသည်။

### ဒီဂျစ်တယ်စီးပွားရေးနှင့် နည်းပညာကူးပြောင်းမှု ကဏ္ဍသစ်

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေး အလှည့်အပြောင်းတွင် သမားရိုးကျကုန်သွယ်မှုစနစ် တစ်ခုတည်းဖြင့် ရှေ့ဆက်ရန် မလုံလောက်တော့ဘဲ ဒီဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုသည် မရှိမဖြစ်အရေးပါလာပါသည်။ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အဆင့်မီ ဆော့ဖ်ဝဲလ်နှင့် အိုင်တီ (IT) နည်းပညာများ ထွန်းကားရာ ဗဟိုချက်ဖြစ်သကဲ့သို့ ထိုင်းနိုင်ငံသည်လည်း အီလက်ထရွန်နစ်နှင့် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များတွင် များစွာတိုးတက်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဤအဖွဲ့အစည်းကြီးအတွင်းမှ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်များကို အသုံးချကာ ပြည်တွင်းရှိ လူငယ်ထုအတွက် အိုင်တီအခြေခံအလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည့်အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ကို ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရန် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကောင်းစွာရယူအသုံးပြုနိုင်မည်ဖြစ်သည်။

### ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

စီးပွားရေးနှင့် နိုင်ငံရေးအရ ဆက်သွယ်မှုများအပြင် ဘင်္ဂလားပင်လယ်အော်ဒေသရှိ နိုင်ငံများသည် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရ ရာစုနှစ်ပေါင်းများစွာကတည်းက နက်ရှိုင်းစွာ ဆက်နွှယ်နေခဲ့ကြသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာယဉ်ကျေးမှုအမွေအနှစ်များသည် အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်း (Tourism) အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် အကောင်းဆုံးတွန်းအားတစ်ခု ဖြစ်နေပါသည်။ မြန်မာနိုင်ငံ၏ ပုဂံ၊ အင်းလေးကဲ့သို့ ကမ္ဘာကျော် ခရီးသွားဒေသများနှင့် အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓဂါယာအပါအဝင် ဘုရားဖူးခရီးစဉ်များကို အပြန်အလှန်ပေါင်းစည်းချိတ်ဆက်ကာ ဗီဇာဖြေလျှော့မှုများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းမြှင့်တင်မှုများ လုပ်ဆောင်နိုင်ပါက မိမိတို့နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်မည့် ဝန်ဆောင်မှုကဏ္ဍသစ်တစ်ခုပေါ်ထွက်လာမည်မှာ မလွဲမသွေပင် ဖြစ်ပါသည်။

### ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ပူးပေါင်းစီမံခန့်ခွဲမှု

ဘင်္ဂလားပင်လယ်အော်ဒေသသည် သဘာဝအလှအပများနှင့် သယံဇာတများ ပေါများသကဲ့သို့ ရာသီဥတုဖောက်ပြန်မှုဒဏ်နှင့် မုန်တိုင်းအန္တရာယ်များကို အဆိုးရွားဆုံးရင်ဆိုင်ရလေ့ရှိသည့် ကမ္ဘာ့ဇုန်တစ်ခုလည်း ဖြစ်သည်။ နာဂစ်မုန်တိုင်း၊ မိုခါမုန်တိုင်း စသည့် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကို ခါးသီးစွာကြုံတွေ့ခဲ့ရဖူးသည့် မြန်မာနိုင်ငံအတွက် ဘင်းမ်စတက်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Disaster Management) သည် အလွန်အရေးကြီးသော ဒိုင်းလက်နက်တစ်ခုသဖွယ် ဖြစ်နေပါသည်။

အဖွဲ့ဝင်နိုင်ငံများအကြား မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေခြင်း၊ ခေတ်မီနည်းပညာများဖြင့် ကြိုတင်သတိပေးစနစ်များ တည်ဆောက်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် မြန်မာ့ကမ်းရိုးတန်းဒေသများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာ၌ ကြီးမားသောအထောက်အပံ့များ ဖြစ်လာစေမည် ဖြစ်ပါသည်။

### ရေရှည်တည်တံ့သော စွမ်းအင်ကဏ္ဍနှင့် ဒေသတွင်း လျှပ်စစ်ဓာတ်အားလိုင်း ချိတ်ဆက်မှု

ဖွံ့ဖြိုးဆဲဒေသတစ်ခု ဖြစ်သည့်အလျောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အားလုံးသည် စွမ်းအင်လိုအပ်ချက် ကြီးမားစွာရှိနေကြပြီး စွမ်းအင်ဖူလုံရေးသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်ဖြစ်နေပါသည်။ ဤနေရာတွင် မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ထုတ်လုပ်နိုင်မည့် သဘာဝအရင်းအမြစ် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားပါသည်။ အဖွဲ့ကြီးက ဦးတည်ဆောင်ရွက်နေသည့် ဒေသတွင်းလျှပ်စစ်ဓာတ်အားလိုင်း အပြန်အလှန်ချိတ်ဆက်မှု (BIMSTEC Grid Interconnection) သဘောတူညီချက်သည် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း လျှပ်စစ်မီးလိုအပ်ချက်ကို အိမ်နီးနားချင်းနိုင်ငံများ၏ကူညီမှုဖြင့် ဖြည့်ဆည်းနိုင်မည့်အပြင် အနာဂတ်တွင် ပိုလျှံသည့် စွမ်းအင်များကို ဒေသတွင်း ဈေးကွက်သို့ ပြန်လည်ရောင်းချကာ ရေရှည်တည်တံ့သော စီးပွားရေးမဏ္ဍိုင်တစ်ခုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

### ၂၀၂၇ သံတမန်ရေးရာ အလှည့်အပြောင်းသစ်

လာမည့် ၂၀၂၇ ခုနှစ်တွင် မြန်မာနိုင်ငံက ဘင်းမ်စတက်၏ အတွင်းရေးမှူးချုပ်(Secretary-General) တာဝန်ကို စတင်လွှဲပြောင်းရယူတော့မည်ဖြစ်ရာ ၎င်းသည် သမိုင်းဝင်သံတမန်ရေးရာ အလှည့်အပြောင်းသစ်တစ်ခု ဖြစ်လာပါသည်။ ဤရာထူးသည် အဖွဲ့အစည်းတစ်ခုလုံး၏ အုပ်ချုပ်ရေး၊ မူဝါဒအကောင်အထည်ဖော်ရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းကူးညှိနှိုင်းပေးရသည့် အမြင့်ဆုံးအမှုဆောင်တာဝန် ဖြစ်သည်။

စိန်ခေါ်မှုများကြားမှ အဖွဲ့ကြီး၏ ဦးဆောင်မှုအခန်းကဏ္ဍကို ရရှိခြင်းသည် မြန်မာနိုင်ငံအတွက် ထူးခြားလှသော မဟာဗျူဟာမြောက် အခွင့်အလမ်းသစ်လည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ခန့်အပ်မည့် အတွင်းရေးမှူးချုပ်သည် ဘင်္ဂလားပင်လယ်အော်ဒေသတစ်ခုလုံး၏ အကျိုးစီးပွားကို ကိုယ်စားပြုကာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိပ်သီးဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတာဝန်ယူမှုမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးအတားအဆီးများ လျှော့ချရေးနှင့် မိမိတို့ တာဝန်ယူထားသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ မူဝါဒများကို ပိုမိုအရှိန်မြှင့်တွန်းအားပေးနိုင်မည် ဖြစ်ပါသည်။

ဤသို့ ကြီးမားသောတာဝန်ကို လွှဲပြောင်းရယူရန် မြန်မာနိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ မကြာသေးမီက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့၏ တွေ့ဆုံဆွေးနွေးမှုရလဒ်များသည် အဖွဲ့အစည်းအတွင်း မြန်မာ့ဦးဆောင်မှုအခန်းကဏ္ဍကို ပိုမိုပီပြင်လာစေမည့် ခြေလှမ်းတစ်ရပ် ဖြစ်လာခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

❑ *ကျောဖုံးမှ*

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဗဟိုကော်မတီအနေဖြင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့၏ အခန်း ၃၊ ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များအရ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ ၂၀၂၃-၂၀၂၈ ကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၌ မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တည်ထောင်ရာတွင် မဟာဗျူဟာများပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေများအရ ပြည်တွင်းပြည်ပမှ မူပိုင်ခွင့်လျှောက်ထားချက်များကို လက်ခံခြင်း၊ စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် မူပိုင်ခွင့်အကာအကွယ်ရရှိပြီးသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်းကိုလည်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**“ မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်းပြီး နိုင်ငံတကာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံမူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်လို ”**

မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်းပြီး နိုင်ငံတကာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံ မူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ညီလာခံကရရှိခဲ့သည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေး ဂေဟစနစ်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ခေတ်မီ ကောင်းမွန်ခိုင်မာသည့် မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားအဖြစ် အသုံးချကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ထို့ပြင် မူပိုင်ခွင့်စနစ်ကိုသိရှိနားလည်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာ ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ဒေသထွက်ကုန်များ၊ သယံဇာတအရင်းအမြစ်များကို ဆန်းသစ်သည့် နည်းပညာများနှင့် ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး တီထွင်ဆန်းသစ်မှုများကို ဖော်ထုတ်ပေးနိုင်သည့် သုတေသန လုပ်ငန်းများကို အားပေး ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများမှ ပေါ်ထွက်လာသည့်အဆင့်မြင့်နည်းပညာအသစ်များကို မူပိုင်ခွင့်အကာအကွယ်ရယူပြီး စီးပွားရေးလုပ်ကိုင်သူများနှင့် လိုအပ်သူများဆီကို နည်းပညာလွှဲပြောင်းပေးခြင်းဖြင့် ဝင်ငွေရစေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်သည် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များအကြား သုတေသနဆောင်ရွက်မှု၊ နည်းပညာဖြန့်ဖြူးမှု၊ နည်းပညာအသုံးချမှု စသည့်လုပ်ငန်းများကို ချိတ်ဆက်ပေးမည့် မူပိုင်ခွင့်ဂေဟစနစ်တစ်ရပ်ကိုလည်း ဖန်တီးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ သုတေသနဌာနများနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာ (Technology and Innovation Support Center–TISC) များကို ပြည်သူများ သိရှိကြစေရန်နှင့် မူပိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်စေရေး အသိပညာပေးကြရန် မှာကြားလိုကြောင်း။

အာဆီယံစီးပွားရေးအသိုက်အဝန်းတွင်ပါသည့် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သောကြောင့် နိုင်ငံတကာအဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးနိုင်ရေးအတွက် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးက အတည်ပြုပြဋ္ဌာန်းထားသော မူပိုင်ခွင့်နှင့် ဆက်နွှယ်နေသည့် နိုင်ငံတကာ သဘောတူ စာချုပ်များနှင့် ကွန်ဗင်းရှင်းများသို့ ဝင်ရောက်နိုင်ရေးကိုလည်း ရှေ့လုပ်ငန်းစဉ်များ အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်ရာတွင် အောင်မြင်ကျော်ကြားသည့် ဒေသထွက်ကုန်များ၊ မြန်မာ့ထုတ်ကုန်များကို မူပိုင်ခွင့်ဖြင့် မြှင့်တင်ဆောင်ရွက်ကြရန်နှင့် မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများ၊ တီထွင်ဖန်တီးသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များကို မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ စဉ်ဆက်မပြတ် ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့် စနစ်တစ်ရပ်ဖြစ်သည့်အတွက် ယုံကြည်မှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်း စနစ်ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ(၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူး နှင့် တာဝန်ရှိသူများက ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အထူးသဖြင့် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနှင့် ဘူတန်နိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာက ဆက်သွယ်ရေးတံတားအဖြစ် မည်သို့ ပံ့ပိုးမည်ဟူသော ရှေ့လုပ်ငန်းစဉ်များကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ ဤခိုင်မာသော ကတိကဝတ်များသည် လာမည့်နှစ် အတွင်းရေးမှူးချုပ်တာဝန်ယူချိန်တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ ယုံကြည်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် အခင်းအကျင်းသစ်တစ်ရပ်ကို ဖန်တီးပေးနိုင်တော့မည် ဖြစ်ပါသည်။

**လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ**

သို့သော် အခွင့်အလမ်းများနှင့် သံတမန်ရေးရာ အလှည့်အပြောင်းများ မည်မျှပင် အားကောင်းနေစေကာမူ လက်တွေ့မြေပြင်တွင် ကုန်သည်များနှင့်မူဝါဒချမှတ်သူများ ရင်ဆိုင်ကျော်ဖြတ်ရမည့် စိန်ခေါ်မှုများကလည်း ရှိနေပါသေးသည်။

ပထမဆုံးနှင့် အကြီးမားဆုံးစိန်ခေါ်မှုမှာ ငွေပေးချေမှုနှင့် ဘဏ်လုပ်ငန်းစနစ်ဖြစ်သည်။ ကုန်သွယ်ရေးတွင် အဓိက အဟန့်အတားဖြစ်နေသည်မှာ နိုင်ငံတကာငွေပေးချေမှုစနစ် အခက်အခဲများနှင့် ငွေလဲနှုန်းမတည်ငြိမ်မှုများ ဖြစ်သည်။ အိန္ဒိယနှင့် မြန်မာအကြား ရူပီး–ကျပ် (Rupee–Kyat) တိုက်ရိုက်ငွေပေးချေမှုစနစ်ကို ၂၀၂၄ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပြီး ကုန်သွယ်မှုအရောင်းအဝယ်အချို့တွင် လွယ်ကူမှုရှိ လာခဲ့သော်လည်း လုပ်ငန်းစဉ်တစ်ခုလုံး ချောမွေ့စေရန် ဘဏ်လုပ်ငန်းဆိုင်ရာ ချိတ်ဆက်မှုများကို ယခုထက်ပိုမို မြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာအောင် လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။

ဒုတိယစိန်ခေါ်မှုမှာ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်မှုဖြစ်သည်။ ပြည်တွင်း၌ ကြုံတွေ့နေရသည့် လျှပ်စစ်မီးလိုအပ်ချက်၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် ပြည်တွင်းကုန်ထုတ်စရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်သည် အိမ်နီးနားချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ရာတွင် အားနည်းချက် ဖြစ်စေပါသည်။ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး (Trilateral Highway) နှင့် ကုလားတန်ဘက်စုံစီမံကိန်း (Kaladan Project)တို့ ရာနှုန်းပြည့်ပြီးစီးပြီး ဘေးကင်း ချောမွေ့စွာ အသုံးမပြုနိုင်သေးခြင်းက ကုန်စည်စီးဆင်းမှုကို နှောင့်နှေးနေစေပါသည်။

တတိယအချက်မှာ အရည်အသွေးဆိုင်ရာ ကုန်သွယ်ရေးအတားအဆီးများ (Sanitary and Phytosanitary Measures – SPS Measures) ပင်ဖြစ်သည်။ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် အပါအဝင် ဘင်းမ်စတက်နိုင်ငံများသည် လယ်ယာထွက်ကုန်များ တင်သွင်းရာတွင် ပိုးမွှားကင်းစင်ရေး၊ မှိုဆိပ်ကင်းစင်ရေးနှင့် ဓာတုကြွင်းကျန်မှုအဆင့်အတန်းသတ်မှတ်ချက်များကို ပိုမိုတင်းကျပ်လာကြသည်။ မိမိတို့ဘက်က ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုစနစ်တစ်နည်းအားဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) ကို အခြေခံတောင်သူများအထိ ကျယ်ကျယ်ပြန့်ပြန့် လိုက်ပါလုပ်ဆောင်နိုင်ခြင်း မရှိပါက ဈေးနှိမ်ခံရခြင်းများနှင့် ကြုံတွေ့ရနိုင်ပါသည်။

**အနာဂတ်မျှော်မှန်းချက်**

ခြုံငုံသုံးသပ်ရသော် ဘင်းမ်စတက်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံအတွက် ကုန်းလမ်း၊ ရေလမ်းဖြင့် တိုက်ရိုက်ထိစပ်နေသည့် “အိမ်နီးနားချင်းဈေးကွက်ကြီး” ဖြစ်သဖြင့် လက်လွတ်မခံသင့်သည့် အခွင့်အရေးကြီးတစ်ခုဖြစ်ပါသည်။ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများသည် ဒွန်တွဲနေစမြဲဖြစ်သော်လည်း လာမည့်နှစ် ၂၀၂၇ ခုနှစ်တွင် မြန်မာနိုင်ငံက အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ရတော့မည့်ဖြစ်ရပ်သည် မိမိတို့နိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် အချိန်ကိုက်ရောက်ရှိလာသော ရွှေရောင်အခွင့်အလမ်းပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ မိမိတို့ဘက်က ပြည်တွင်းကုန်ထုတ်လုပ်မှု ကွင်းဆက်များကို အဆင့်မြှင့်တင်ခြင်း၊ ဘဏ်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးအဆောက်အအုံများကို ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်ပါသည်။ ဤသို့ ပြင်ဆင်ရာတွင် ယေဘုယျလုပ်ဆောင်မှုများထက် ကျော်လွန်၍ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSMEs) နှင့် စီးပွားရေးပညာရှင်များ ပူးပေါင်းပါဝင်သော “BIMSTEC အထူးလုပ်ငန်းအဖွဲ့ (Task Force)” တစ်ရပ်ကို စနစ်တကျဖွဲ့စည်းကာ မြေပြင်နှင့်ကိုက်ညီသောတိကျသည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါသည်။

ထို့ပြင် မြန်မာနိုင်ငံမှ တာဝန်ယူမည့် အတွင်းရေးမှူးချုပ် ဦးဆောင်မှုအောက်တွင် ဘင်းမ်စတက်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များ (BIMSTEC FTA) ကို ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ လာမည့်အနာဂတ် ဘင်္ဂလားပင်လယ်အော်စီးပွားရေးရေစီးကြောင်းထဲတွင် မြန်မာနိုင်ငံသည် စားရေရိက္ခာဗဟိုချက်အဖြစ်ဖြင့် လည်းကောင်း၊ ဒေသတွင်းဦးဆောင်နိုင်ငံအဖြစ်ဖြင့် လည်းကောင်း ခိုင်မာဝင့်ကြွားစွာ ရပ်တည်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား**


- https://countryeconomy.com/countries/groups/bimstec?utm_source
- https://presoffministry.gov.mm/en/news/36216
- https://embassyofindiayangon.gov.in/public_files/assets/pdf/Commercial_Activities_Yangon_10_06_2026_1.pdf
- https://myantrade.gov.mm/article/naypyitaw_09042026%201320
- https://commerce.gov.mm/en/node/267
- https://www.cbm.gov.mm/content/8531


countryeconomy.com

BIMSTEC – Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation 2026


- https://www.moi.gov.mm/news/60201

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၅၂ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development–JCC) ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်၁၆ဦး၊ဥက္ကဋ္ဌအဖြစ်ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်း၊ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်း၊ တွဲဖက်အတွင်းရေးမှူး(၁) အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်နှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများကို တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက မြန်မာ-ဘယ်လာရုစ် နှစ်ထပ်အခွန်ကင်းလွတ်ခွင့်(DTA) စာချုပ်ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးကျေးဇူးများ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ထွန်းလာခြင်း၊ ခေတ်မီနည်းပညာနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မျှတသော အခွန်နှုန်းထားနှင့် ကုန်ကျစရိတ် သက်သာစေခြင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ရရှိစေခြင်းတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးမြှုပ်နှံမှု ပိုမိုရောက်ရှိလာမည်ဖြစ်သည့်အတွက် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာ-ဘယ်လာရုစ် (DTA) စာချုပ်သည် အခွန်ကောက်ခံရုံသက်သက်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာကူးပြောင်းရယူမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှုအတွက် မရှိမဖြစ်လိုအပ်သော တရားဝင် စီးပွားရေးတံတားတစ်စင်း ချိတ်ဆက်လိုက်ခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်စီးပွားရေးအကျိုးစီးပွားကို ရေးရှုလျက် ဘယ်လာရုစ်နိုင်ငံသို့ မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာ ပေးပို့နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက မိမိတို့နိုင်ငံအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် မဟာဗျူဟာမိတ်ဖက်အဖြစ် ချစ်ကြည်ရင်းနှီးစွာဆက်ဆံခြင်းဖြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍများ၊ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုများ၊ စက်မှုပစ္စည်းနည်းပညာအကူအညီများ၊ နိုင်ငံရေးနှင့် သံတမန်ရေးရာ အကျိုးဆက်ကောင်းများ တိုးတက်ရရှိနိုင်မည့်အပြင် နိုင်ငံသားများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စာချုပ်ချုပ်ဆိုခြင်းဖြင့် ဝင်ငွေတစ်ခုအတွက် အခွန်နှစ်ထပ်ကျသင့်ခြင်းကို ရှောင်ရှားနိုင်ခြင်း၊ အခွန်လိမ်လည်မှုနှင့် အခွန်ရှောင်မှုများကို ထိရောက်စွာ ကာကွယ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ရန် အကူအညီဖြစ်စေပြီး အခွန်စီမံခန့်ခွဲမှုကောင်းမွန်စေခြင်း၊ ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်ဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် ဥပဒေရေးရာ အခြေခံအုတ်မြစ်ဖြစ်လာနိုင်ပြီး သတ်မှတ်ဝင်ငွေအမျိုးအစားများအတွက် အခွန်သက်သာခွင့်စသည့် သီးခြားဝင်ငွေအမျိုးအစားများအတွက်လည်း သက်သာသည့် အခွန်နှုန်းများရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယခုစာချုပ်သည် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၀၈)(က,ခ)၊ ပုဒ်မ(၂၀၉)(က)၊ ပုဒ်မ (၂၉၅)(က-၁)နှင့် ပုဒ်မ(၄၅၆)တို့အရ ညီညွတ်ကိုက်ညီမှုရှိပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသော စာချုပ်တစ်ရပ်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်က သဘောတူစာချုပ်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံနှစ်ခုလုံးအပေါ် အခွန်ကောက်ခံပိုင်ခွင့်များကို ခွဲဝေပေးပြီး အဆိုပါနိုင်ငံနှစ်ခုအတွက် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးသည်ကို တွေ့ရှိရပါကြောင်း၊ စာချုပ်၏ အဓိကပြဋ္ဌာန်းချက်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံတစ်ခု သို့မဟုတ် နှစ်ခုလုံးတွင် နေထိုင်သည့်အခွန်ထမ်းများကို အကျိုးကျေးဇူးရရှိရန် ရည်ရွယ်ချုပ်ဆိုလေ့ရှိသောကြောင့် မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးစနိုင်ငံများအတွက် ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပေါ်ထွန်းလာစေမည်ကို သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရန်အတွက် လွှတ်တော်မှ သဘောတူလက်ခံပေးရမည်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ဖြစ်သကဲ့သို့ ပါဝင်ထောက်ခံပေးရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘယ်လာရုစ်နိုင်ငံသည် စက်မှုလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်းနှင့် နည်းပညာပိုင်းတွင် အဆင့်မြင့်မားသော နိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ အခွန်နှစ်ထပ်ကျမှု ရှောင်ရှားရေးစာချုပ်ကို အတည်ပြုပြီး မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို အမြန်ဆုံးပေးပို့ခြင်းအားဖြင့် နှစ်နိုင်ငံသံတမန်ရေးရာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နောင်တွင် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များက မိမိတို့နိုင်ငံရှိ ငါးကန်၊ ပုစွန်ကန်များကို အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာပါက ၎င်းကန်များအား စာချုပ်ပါ Article 5 အရ အမြဲတမ်းလုပ်ငန်းတည်ရာဌာန (Permanent Establishment)အဖြစ် တိကျစွာ သတ်မှတ်ပြီး Article 6 နှင့် Article 7 ပြဋ္ဌာန်းချက်များကို ပေါင်းစပ်ကာ မိမိတို့မြန်မာနိုင်ငံဘက်က အခွန်အပြည့်အဝ စည်းကြပ်ကောက်ခံပိုင်ခွင့်ရှိကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဥပဒေကြောင်းအရ ကြိုတင်သတိပြုပြင်ဆင်ထားရန် ဖြည့်စွက်တိုက်တွန်းလိုပါကြောင်း။

စာချုပ်ပါ Article 32 ခုစလုံးသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့်အတွက် ဤသဘောတူစာချုပ်အား အတည်ပြုရန်နှင့် စာချုပ်အသက်ဝင်မည့် အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်နိုင်ငံသို့ အမြန်ဆုံးပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် နှစ်နိုင်ငံအကြားရှိ သံတမန်ဆက်ဆံရေးကောင်းမွန်မှု၊ စီးပွားရေးဆက်ဆံမှု၊ ကုန်သွယ်မှုပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာငွေများအပေါ် သက်ရောက်မှု အနည်းဆုံးဖြစ်စေနိုင်မည့် နိုင်ငံများကို ရွေးချယ်၍လည်းကောင်း စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ် ချုပ်ဆိုထားခြင်းဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် နိုင်ငံနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေနိုင်ခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှု မြင့်မားလာစေနိုင်ခြင်း၊ နိုင်ငံနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးတို့အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်အား အကျိုးသက်ရောက်စေရေး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုနိုင်ရန်နှင့် မြန်မာနိုင်ငံဘက်က အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံဘက်သို့ ပေးပို့နိုင်ရန်တို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး သဘောတူအတည်ပြုကြောင်း ကြေညာသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ (၁)လထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် (၁)လ ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီး တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက LNG အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကို (၁)လ ခွင့်ပြုခြင်းသည် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ LNG အသုံးပြုမှု မြှင့်တင်ခြင်းသည် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လောင်စာရင်းမြစ်များ ခွဲဝေအသုံးပြုနိုင်ရေး (Energy Diversification)နှင့် စွမ်းအင်လုံခြုံရေး (Energy Security) ကို တိုးတက်စေမည်ဖြစ်ပါကြောင်း။

Premium Diesel သည် သန့်ရှင်းသောလောင်စာဖြစ်ပြီး စွမ်းအင်ထိရောက်မှု၊ အင်ဂျင်သက်တမ်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပိုမိုကောင်းမွန်ပါသဖြင့် Premium Diesel ကိုပါ ခွင့်ပြုပေးမည်ဆိုပါက ပိုမိုသန့်ရှင်းသည့်စွမ်းအင်ကို အားပေးခြင်းဖြစ်သဖြင့် စက်ကိရိယာနှင့် ပတ်ဝန်းကျင်သက်ရောက်မှုအပေါ် များစွာသက်သာစေပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ သက်သာချောင်ချိရေး၊ စွမ်းအင်လုံခြုံရေး၊ ရေရှည်အခွန်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)ဈေးနှုန်း တည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားခဈေးနှုန်း မြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း မြင့်တက်နေမှုသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက်ရိုက်ခတ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းညှိဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများကို လစဉ်စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်အထိ (၁)လ ထပ်မံ၍ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁ လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၃၁ မဲ၊ ကြားနေမဲ ၄ မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူ ရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိ ပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆုက ထိုတူညီဆန္ဒ ငါးချက် ထုတ်ပြန်မည်ကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်အသိပေးညှိနှိုင်းခဲ့ခြင်းမဟုတ်ဘဲ အစည်းအဝေးအပြီးဥက္ကဋ္ဌ ကြေညာချက်၏ နောက်ဆက်တွဲအဖြစ်သာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်အနေဖြင့် ချမှတ်ခဲ့ခြင်း မဟုတ်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံအတွက် ဥပဒေအရ စည်းနှောင်မှုမရှိပါကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချို့က မိမိတို့ဆန္ဒအလျောက် မြန်မာနိုင်ငံကို ခွဲခြားဆက်ဆံပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါကြောင်း။

အာဆီယံအနေဖြင့်လည်း မြန်မာပြည်သူများအပေါ် စေတနာသဘောထားမှန်ကန်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အမှန်တကယ် အပြုသဘောဆောင်သော အပြောင်းအလဲနှင့် တိုးတက်မှုများကို အလိုရှိပါက မြန်မာပြည်သူလူထုအတွက် တကယ်တမ်း သက်ရောက်မှုရှိပြီး လက်တွေ့ကျသော ချဉ်းကပ်မှုများ (Practical and Realistic Approaches)ကိုသာ အဓိကထား ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။

ပြည်သူ့ဆန္ဒအရ ရွေးကောက်ထားသော ရွေးကောက်ခံအစိုးရကို အသိအမှတ်မပြုခြင်းသည် ရွေးကောက်ပွဲကို မလေးစားခြင်းနှင့် ထိုရွေးကောက်ပွဲတွင် တက်ကြွစွာပါဝင်မဲပေးခဲ့သော ပြည်သူပြည်သားများကို အလေးမထားခြင်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်နေသော အရေးယူမှုများဖြင့်သာမက ရှေ့ဆက်လက်ထိရောက်သည့် လက်တွေ့ကျသော အစီအမံများဖြင့် တုံ့ပြန်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွန်းအောင်က အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် လေ့လာကြည့်ပါက ပထမအချက်တွင် "မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်နှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ရန်" ဟု ဖော်ပြထားပါကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်နေသော အဖွဲ့များအပေါ်တွင်သာ တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး အေးချမ်းစွာ နေထိုင်သော ပြည်သူများ၊ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော EAOs အဖွဲ့များနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒုတိယအချက်ဖြစ်သည့် "ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသောအဖြေရရှိရန် သက်ဆိုင်သူများအားလုံးအကြား အပြုသဘောဆောင် ဆွေးနွေးပြုလုပ်ရန်" အချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း NCA လက်မှတ်ရေးထိုးပြီးနှင့် မပြီးသေးသော EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းများ တွေ့ဆုံဆွေးနွေးမှု ၁၆၃ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ခံအစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရက် ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ ငါးနှစ်အတွင်း တည်ငြိမ်အေးချမ်းအောင် ရည်မှန်းချက်ထား ဆောင်ရွက်ခြင်းများ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယအချက်ဖြစ်သည့် "အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်များ၌ ကြားဝင်ဖျန်ဖြေဆောင်ရွက်ပေးရန်"နှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း လာရောက်စဉ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့မှ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံဆွေးနွေးနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စတုတ္ထအချက်ဖြစ်သည့် "AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်"နှင့် ပတ်သက်၍ ASEAN Task Force ကို ဖွဲ့စည်းပြီး လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဉ္စမအချက်ဖြစ်သည့် "အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့များသည် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့ သွားရောက်ရန်"နှင့် ပတ်သက်၍ အထူးကိုယ်စားလှယ် လေးဦး မြန်မာနိုင်ငံသို့ ၈ ကြိမ်လာရောက်ခဲ့ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် ပတ်သက်ပြီး အထက်ဖော်ပြပါအချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အာဆီယံအပေါ် မိတ်ဝတ်မပျက်ဆက်ဆံပြီး အလေးထား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် ရွေးကောက်ခံ ပြည်ထောင်စုအစိုးရနှင့် တပ်မတော်တို့အနေဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသောကြောင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် သီးခြားအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မဟုတ်ဘဲ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူလူထုတို့၏ ထောက်ခံအားပေးမှုစွမ်းအားဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အခြေခံမူနှင့် ကွဲလွဲလျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားစေလိုသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့်လည်းကောင်း အာဆီယံထုတ်ပြန်ချက် (၅) ရပ်အား သုံးသပ်ဆောင်ရွက်နိုင်ရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လေးစားလိုက်နာလျက်ရှိပြီး အာဆီယံရေးရာကိစ္စများကိုလည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်အား မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကိုလည်း ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံစလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုသာ လက်ခံမည်ဖြစ်ပါကြောင်း၊ အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်နှင့် အခြေခံမူကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တောင်းဆိုလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွား၊ ဒေသအတွင်း အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ ရှေးရှုပြီး အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ASEAN Charter ၏ အခြေခံမူများနှင့် ပြဋ္ဌာန်းချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး မတိမ်းမစောင်းဘဲ လိုက်နာဆောင်ရွက်ရန်၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ဘဲ၊ နိုင်ငံတစ်နိုင်ငံချင်း၏ အချုပ်အခြာအာဏာကို လေးစားရန် (Non – Interference)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အဆင့်အတန်းတူစွာ ကိုယ်စားပြုရေးဆိုသည့် ASEAN Charter အပိုဒ် (၅) ပြဋ္ဌာန်းချက်ကို လေးစားလိုက်နာရန်၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်မပြုရန်နှင့် AIPA အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင်နိုင်ငံများရှိ ပါလီမန်အမတ်များအား မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာရန်နှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အကြံပြုတိုက်တွန်းလိုပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက ရွေးကောက်ခံ နိုင်ငံတော်အစိုးရနှင့် နိုင်ငံ၏ လွှတ်တော်တို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မီးမောင်းထိုးပြနေပါကြောင်း၊ မြေပြင်ပကတိအရှိတရားကို မျက်ကွယ်ပြုပြီး အာဆီယံထုတ်ပြန်ချက်(၅)ရပ် ပေါ်ပေါက်လာခြင်းက ဖြစ်သင့်သောကိစ္စ မဟုတ်ပါကြောင်း၊ သို့ပါ၍ နိုင်ငံအချင်းချင်း တန်းတူညီမျှစွာ ပို၍ချစ်ကြည်ရင်းနှီးရန်နှင့် အကြမ်းဖက်မှုမှန်သမျှ ရပ်တန့်သွားစေရန် မူလအာဆီယံ၏ ရည်ရွယ်ချက်အတိုင်း နိုင်ငံအချင်းချင်း ပူးပေါင်းလုပ်ဆောင်ရေးကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံအချင်းချင်း အပြုသဘောဆွေးနွေးမှု၊ ညှိနှိုင်းမှုတို့ လိုအပ်ပါကြောင်း၊ မလိုမုန်းထားစိတ်ဖြင့် အာဆီယံဒေသတွင်းသာမက ကမ္ဘာ့အကျိုးကိုပါ မျက်ကွယ်ပြုနေခြင်းသည် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေတတ်ပါကြောင်း။

အဆိုပါ အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးမှု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကျိုးလိုလားမှု၊ ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ အာဆီယံအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှု၊ အာဆီယံပြည်သူအချင်းချင်း ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာကို လေးစားတတ်မှု၊ တန်ဖိုးထားမှု စသည့် ဖြစ်တည်မှုအခြေအနေများနှင့် အာဆီယံ၏ စွမ်းရည်များကို အမှန်တကယ် ကျဆင်းစေမည်သာ ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း၏ အမျိုးသားစရိုက်လက္ခဏာများကိုပါ ပျက်စီးစေသည့်အတွက် အာဆီယံဆိုင်ရာ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းနှင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်လျောက်

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*
အာဆီယံချမှတ်ထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမှုများကို လိုက်နာပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက် ချမှတ်ထားသော ရည်ရွယ်ချက်နှင့် အခြေခံမှုများကို တိကျစွာလိုက်နာကျင့်သုံးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ အချင်းချင်း ဆက်ဆံကြရန် လိုအပ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီမှုမပါရှိသော အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ကြေညာခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးပြီး နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်လုပ်ကိုင်လိုသည့် ထုတ်ပြန်ကြေညာချက်မျိုး ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကို မိမိတို့နိုင်ငံတော် အစိုးရအနေဖြင့် လေးစားသော်လည်း အချို့နိုင်ငံများ၏ အကြီးအကဲပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို အခြေခံပြီး လေးစားမှုမရှိကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းသည့် အစိုးရသစ်တစ်ရပ် တရားဝင်ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးကို အလေးထားပြီး အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နှင်းက အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း(၇)ပါ ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူနှင့် အာဆီယံပဋိညာဉ်စာတမ်း နှစ်ခုလုံးတွင်ပါရှိသည့် အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူများကို ဖောက်ဖျက်နေပါကြောင်း၊ မြန်မာအစိုးရခေါင်းဆောင်များကို အာဆီယံထိပ်သီးအစည်းအဝေးများမှ ဖယ်ကြဉ်ရန် သဘောတူညီချက်၊ ကန့်သတ်ချက်များထားရှိခြင်း၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းတို့သည် အာဆီယံပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ကာ ပြည်တွင်းရေးကို စွက်ဖက်ခြင်းပင်ဖြစ်ပါကြောင်း၊ "သဘောတူညီမှုဖြင့် ဆုံးဖြတ်ခြင်း"ဆိုသည့်မူကို အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်း သဘောထားကွဲလွဲမှုကို ပိုမိုပေါ်လွင်စေပါကြောင်း၊ အာဆီယံ၏ အခန်းကဏ္ဍသည် ဖျန်ဖြေရေးသာဖြစ်ပြီး မြန်မာ့ပြည်တွင်းရေးတွင် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခွင့် မရှိပါကြောင်း၊ အာဆီယံ၏ စည်းရုံးညီညွတ်မှုကိုပါ စိန်ခေါ်နေသည့်အခြေအနေကို ဖန်တီးနေပါကြောင်း။

ထို့ကြောင့် အာဆီယံ၏ ဒေသတွင်းဗဟိုချက်ကျမှု (centrality)ကို အားနည်းစေပြီး အခြားသော အင်အားကြီးနိုင်ငံများအတွက် ဩဇာလွှမ်းမိုးနိုင်သည့် နေရာတစ်ခု ဖန်တီးပေးလိုက်သည်ဟု သုံးသပ်၍ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တာဝန်ဝတ္တရားများကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ခဲ့သော်လည်း အာဆီယံဘက်မှ ခွဲခြားဆက်ဆံမှုများကြောင့် အပြုသဘောမဆောင်ကြောင်းကို ထောက်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် အလွန်အရေးကြီးပါကြောင်း၊ လူတစ်ဦး၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ အခြားသူ၏အမိန့်ကို မနာခံဘဲ မိမိ၏ အနာဂတ်ကို မိမိရွေးချယ်နိုင်သည့် ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို ကိုယ်စားပြုပြီး အချုပ်အခြာအာဏာသည် အားနည်းချိန်တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပျောက်ဆုံးလေ့ရှိပြီး ပြန်လည်ရရှိရန် အသက်၊ သွေး၊ ချွေး၊ မျက်ရည်၊ ဘဝနှင့် မျိုးဆက်ပေါင်းများစွာရင်းပြီး ကြိုးပမ်းကြရပါကြောင်း၊ အချုပ်အခြာအာဏာသည် တန်ဖိုးဖြတ်၍မရ၊ အလဲအလှယ်လုပ် မရနိုင်သော အရာတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံကို မိသားစုဟု ထင်မြင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကောင်းကွက်များကိုမမြင်ဘဲ အပြုသဘောဆောင်ခြင်းများကို မျက်ကွယ်ပြုနေပါကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာ အချုပ်အခြာအာဏာနှင့် ကံကြမ္မာကို ထိပါးစေသည့် ထုတ်ပြန်ချက်ကို ထိရောက်ပြတ်သားစွာ အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကိုထောက်ခံကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၇ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် နိုင်အောင်မငေးနှင့် နိုင်ဗညားချမ်းနွန်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်အမ်စိုက်ချမ်းနှင့် နိုင်ကွန်းစိုက်နှင့် ရုံးအဖွဲ့မှူး နိုင်ဇော်မင်းဦးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခုဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအရ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ကာလတွင် ပြည်နယ်များ၌ ပဋိပက္ခများဖြစ်ပွားခဲ့သော်လည်း မွန်ပြည်နယ်သည် တည်ငြိမ်မှုရှိခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များအား သက်ဆိုင်ရာသို့ တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက NSPNC အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်သည့် နေရာတွင် စေတနာမှန်ကန်မှု၊ နိုင်ငံရေးဆန္ဒနှင့် စိတ်ရှည်သည်းခံမှုတို့နှင့်သာ တည်ဆောက်နိုင်ရေး၊ နိုင်ငံတော်မှ စစ်ရေး၊ နိုင်ငံရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးစသည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးနိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး အသီးအပွင့်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရေး၊ အလွတ်သဘောတွေ့ဆုံပွဲမှသည် အနှစ်သာရရှိပြီး အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်နိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် အပြန်အလှန်ယုံကြည်မှုနှင့် စဉ်ဆက်မပြတ် လုပ်ဆောင်ရေးကိစ္စတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မွန်စာပေသင်ကြားနိုင်ရေးကိစ္စ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးအထောက်အပံ့ရရှိရေးကိစ္စ၊ ရေးမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ် အနောက်ဘက်ခြမ်း (ဂျိုင်းမြစ်တောင်ဘက်ခြမ်း)၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြောက်ပိုင်းကျေးရွာများတွင် သတ်မှတ်ထားသည့်ပုံစံအတိုင်း မွေးစာရင်းအချက်အလက်များကို အတည်ပြုမွေးစာရင်း ထုတ်ပေးနိုင်ရေး၊ လမ်း၊ တံတားများကို ဦးစားပေးအစီအစဉ်အနေဖြင့် ဆောက်လုပ်ပေးရေးကိစ္စနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အပြန်အလှန်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးကိစ္စတို့အား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NMSP မှ တင်ပြသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့် ဒေသတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်းက တွေ့ကြုံနေရသည့် အခက်အခဲများကို သုံးသပ်ပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ကိုက်ညီသော သုတေသနမူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲတင်ပြခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က သုတေသန၏ တိုးတက်မှု သတ်မှတ်ခြင်း၊ သုတေသနရန်ပုံငွေခွဲဝေမှုကို ထိရောက်စေခြင်းနှင့် သုတေသနစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေး Technology Readiness Level(TRL) ဆိုင်ရာ အခြေခံမှုများကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအသီးသီးက လက်ရှိ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ၊ ဆောင်ရွက်သင့်သော လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးခြင်းနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

နေပြည်တော် ဇူလိုင် ၂

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်စသည့် ကော်မတီ၏ ရည်ရွယ်ချက် ၃ ရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ်မပြည့်သူများ စစ်မှုထမ်းဆောင်မှုမရှိစေရေးဆောင်ရွက်လျက်ရှိရာ ကော်မတီ စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ၂၂ နှစ်ကျော်ကာလရှိပြီဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇွန်လအထိ CTFMR မှ ပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၂၃၇၇ ဦးအနက် သံသယစာရင်းမှ ပယ်ဖျက်ရန် စိစစ်ဆဲ ၁၆ ဦးသာ ကျန်ရှိပါကြောင်း။

ထို့အပြင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များမပါရှိစေရေး စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၂၄)အထိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းဆင့်ခေါ်ခဲ့သည့် အသက် ၁၈ နှစ်မပြည့်သူ စုစုပေါင်း ၁၁၃ ဦးကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှတစ်ဆင့် မိဘ/အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမရှိစေရေး ကော်မတီ၏လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုပါကြောင်း၊ တပ်မတော်အတွင်း အသက်မပြည့် စစ်သည်များ မှားယွင်းစုဆောင်းမှုများရှိပါက တပ်မတော်သာမက နိုင်ငံတော်၏ပုံရိပ်ကိုပါ ကျဆင်းစေနိုင်သည့်အတွက် တပ်မတော်အတွင်း ကလေးစစ်သည်များ ဝင်ရောက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့် ကလေးသူငယ်များ မပါရှိစေရေးကိုလည်း ကော်မတီဝင်များမှ မိမိတို့ရုံး/ဌာနအလိုက် သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအား အသိပညာပေး ဟောပြောပို့ချမှုများကို အရှိန်အဟုန်ဖြင့် အမှန်တကယ် လုပ်ဆောင်သွားရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းရန် မှားယွင်းစုဆောင်းမှုမရှိစေရေး ကြိုတင်ကာကွယ်တားဆီးခြင်းများကို ဦးစားပေး အလေးထားစီမံဆောင်ရွက်သွားရန် လိုပါကြောင်းနှင့် ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရာဇဝတီခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ပြည်နယ်/တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီး/ ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ခိုင်မာမှု၊ ညှိနှိုင်းပေါင်းစပ်တာဝန်ယူဆောင်ရွက်မှု၊ အစိုးရနှင့် ပြည်သူပူးပေါင်းပြီး အားတက်သရော ဆောင်ရွက်မှုတို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အပြန်အလှန် နီးကပ်စွာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်များ၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ ***ရွှေဖုံးမှ***

တိုက်ခန်းများအား ၂၀၂၇ ခုနှစ် ဇွန်လတွင် အပြီးတည်ဆောက်ကာ ၂၀၂၇ ခုနှစ် ဇူလိုင်လတွင် တိုက်ခန်းဝယ်ယူထားသူများထံ လက်ဝယ်အရောက် အပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိမ်ရာတည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးဆပ်ကော်မတီအတွင်းရေးမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးက တိုက်ခန်းများ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နေပြည်တော်တွင် နေထိုင်သည့် ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ မြို့နေပြည်သူလူထုများ၏ လူနေမှုဘဝ အရည်အသွေး မြှင့်တင်ပေးရန်နှင့် နေပြည်တော်ကို Green City , Clean City , Smart City အဖြစ် ဖော်ဆောင်ရာတွင် စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော မြို့တော်တည်ဆောက်ရေးကို အထောက်အကူပြုရန်တို့ဖြစ်ကြောင်း၊ လိုအပ်သည့် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများ အထောက်အကူပြုရေးအတွက် တိုက်ခန်းများဆောက်လုပ်၍ မဲနှိုက်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်က ပြောကြားသည်။

လက်ရှိ သုခတော်ဝင်အိမ်ရာအပိုင်း (၂)အား ဆောက်လုပ်ရာတွင် အင်ဂျင်နီယာစံချိန်စံညွှန်းများ၊ အရည်အသွေး ထိန်းချုပ်မှုစနစ်များနှင့် သတ်မှတ်ထားသော ဆောက်လုပ်ရေးစံနှုန်းများနှင့်အညီ လုံခြုံစိတ်ချယုံကြည်စွာ နေထိုင်နိုင်ရေး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး သုခတော်ဝင်အပိုင်း(၂)ရှိ တိုက်ခန်းများကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် ဘဏ်ချေးစနစ်ဖြင့် ဝယ်ယူလိုသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဘဏ်တာဝန်ခံက ရှင်းလင်းပြောကြားခဲ့ပြီး တိုက်ခန်းလျှောက်ထားသူများကို Digital Spin မဲစနစ်ဖြင့် မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ် တိုက်ခန်းများအား အစဉ်လိုက်မဲနှိုက်နေရာချထားပေးခဲ့ကြောင်းနှင့် ယနေ့တွင် လေးခန်းတွဲ လေးထပ် (အိပ်ခန်း သုံးခန်းပါ) တိုက်ခန်းများကို လျှောက်ထားလာသူများအား Digital Spin မဲစနစ်ဖြင့် ဆက်လက်နေရာချထားပေးသွားမည်ဟု သိရသည်။

MT

ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ ထိန်းသိမ်းပါ။

# စာပေထဲက မိန်းမလှ

ခင်ဆွေမြင့် (မြန်မာစာ)

*(ယမန်နေ့မှအဆက်)*

**ရဲမက်တစ်ဦး၏ ပါရမီဖြည့်ဖက်ဘဝ**

ပဲခူးမိဖုရားသည် မောင်တော်မင်းသားနှင့် လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ရာတွင်ပင် နန္ဒမင်းသားသည် ခက်ခဲလှသော မြို့သိမ်းတိုက်ပွဲ တစ်ခုကို ပြိုင်ဘက်ကင်းစွာ တိုက်ခိုက်အောင်မြင်ပြီး ဆယ်လကြာသောအခါတွင်မှ မင်္ဂလာဆောင်နှင်းခဲ့ရပါသည်။ ဤသည့်အကြောင်းကို "ညိုညို စင်လျှင်" ချီ စစ်ချီမောင်ဘွဲ့ ချစ်ရတုတွင်

**"ဓားခွင်လေးပွဲ၊ မြို့ခက်ခဲလည်း၊**
**ဘက်ရှဲစလှ၊ ပွဲသာရ၍၊**
**သည်ပတုံပေ၊ ဇာတိနေသား၊**
**သန္ဓေယူထိုက်၊ ဆယ်လပိုက်မှ၊**
**မိဘချင်းချင်း၊ သက်ရာနှင်း၍၊**
**ဆောင်နှင်းအံ့ပေ"** ဟူ၍ ဖော်ပြခဲ့ပါသည်။

စုလျားရစ်ပတ် လက်ထပ်ပြီးပြီးချင်းမှာပင်လည်း **"ဇမ္ဗူကျွန်းချာ၊ ထီးရာများမင်း၊ ထွတ်မှန်ကင်း"** ဖြစ်သော မင်းတရားကြီး၏ အမိန့်တော်ဖြင့် စစ်ရေးစစ်ရာအတွက်

**"ရပ်တစ်ကျွန်းသို့၊ ရွှင်လန်းဦးတည်၊ စုန်တော့မည်"** ဖြစ်ခဲ့ပါကြောင်း–

**"အိမ်ရှေ့ရှင်ကို၊ မယ်ခင်နှမ၊ လွမ်းလိုက်လှ၏"**

ဟူ၍ လည်းကောင်း မိမိ၏ အထီးကျန်ရသော လွမ်းဘဝကို ဖွင့်ဟခဲ့ပါသည်။

ပဲခူးမိဖုရားသည် ကြင်ရာတော်အိမ်ရှေ့စံ စစ်ချီစစ်ထွက်ချိန်မှစပြီး ဥပုသ်သီလကို မပြတ်ဆောက်တည်ခဲ့သူ၊ ဘေးရန်ကင်းဝေးပြီး အောင်မြင်စေကြောင်း မပြတ်မသောင်း ဆုတောင်းခဲ့သူ၊ အောင်ပွဲများ အခွန်အတုတ်များသိမ်းယူပြီး ဖခမည်းတော် ဘုရင့်နောင်မင်းတရားကြီးနှင့်အတူ အမြန်ပြန်လာနိုင်စေကြောင်း ရွှေမော်ဓောစေတီတော်ကြီးကို ဦးတင်ရှိခိုးပြီး ဆုတောင်းဆုယူ ပြုနေခဲ့သူ ဖြစ်သည်။

**"ချီလေသည်က၊ စောင့်သီလနှင့်**
**နိစ္စမပြတ်၊ ရှစ်သောင်းထွတ်လျှင်**
**စိတ်ပြတ်မသောင်း၊ ဆုယူတောင်းလျက်**
**တစ်သောင်းမြန်ဘောင်၊ အုပ်စိုးဆောင်သည်**
**ရန်နောင်မင်းထုံး၊ ဘလက်ရုံးနှင့်**
**ကျွန်းလုံးပိုင်သ၊ တုတ်ခွန်ရ၍**
**တူကွသာရှင်၊ သားမောင်ပင်ကို**
**ပြန်လျင်စေသော၊ မြတ်မော်ဓောဝယ်**
**သဘောကြည်နူး၊ တင်ရှိဦးသည်"**

ဟူ၍ **"သတ္တတေဇာ"** ချီရတုတွင် ဖွဲ့ဆိုထားပါသည်။

"စိတ်တူကြင်တင်" ချီရတုတွင် ဆောင်းလရောက်သည်ထိ စစ်ချီစစ်ထွက်ရာမှ ပြန်ရောက်မလာသော ရဲကျော်ရန်နှင်း၊ မျိုးသည်ရင်းဖြစ်သည့် မောင်တော်အတွက် "ပန်းလည်း လှိုင်လှို၊ ရှိမ်းနုစိမ်းလက်၊ ညွှန့်သစ်ထွက်သည်၊ ညောင်းရွက်ညှာ" ကြွေသော နွေဦးရာသီတွင် သင်းပျံ့မွှေးကြူသော မဥ္ဇူသကပန်းများကို ရနံ့မွှေးပျံ့သော မြူတာအိုးတွင် တင့်တယ်စွာ ထိုးစိုက်ပြီး ရှင်ဖြူရှင်လှဘုရားနှစ်ဆူတွင် တင်လှူပူဇော်ခဲ့ပါကြောင်း–

**"ကိုယ်တော်စားဟု၊ ပျံ့ရှားမွှေးကြူ**
**မဥ္ဇူကြိုင်ပွင့်၊ ပြစ်မျိုးလွင့်ကို**
**လှတင့်ရုံသာ၊ သင်းမြူတာနှင့်**
**ကြေညာပေါက်ပြ၊ ရှင်လှရှင်ဖြူ**
**မြတ်နှစ်ဆူကို၊ ဆုယူကြည်စွာ**
**လွှန်သဒ္ဒါ၍"**ဟု ဖွဲ့ဆိုခဲ့ပါသည်။

ဤအဖွဲ့များသည် ပဲခူးမိဖုရား၏ အိမ်ဦးနတ်ဖြစ်သော ခင်ပွန်းသည်အပေါ်၌ ထားရှိသော ချစ်ခြင်းမေတ္တာနှင့် ဗုဒ္ဓသာသနာကို ကိုးကွယ်ကြည်ညိုသူ မြန်မာအမျိုးသမီး အိမ်ထောင်ရှင်မတစ်ဦး၏ ဂုဏ်ကျက်သရေတို့ကို လေးမြတ်စွာ ဖော်ပြနေပါသည်။ ဥတုသုံးလီ၏ ကြည်နူးဖွယ်လွမ်းဖွယ် ရာသီဖွဲ့များနှင့် သိမ်မွေ့သော ကဗျာသုံးစကားလုံး အဖွဲ့အစပ်များကြောင့်လည်း သိင်္ဂါရရသနှင့် ကရုဏာရသများကို စွဲငြိခံစားရစေသော ရတုအဖွဲ့များ ဖြစ်ပါသည်။

နန္ဒဘုရင်သည် မင်းသားငယ်ဘဝကပင် စစ်ချီခရီးများ သွားခဲ့ရသည်။ စစ်ပွဲတိုက်ပွဲများ ဆင်နွှဲခဲ့ရသည်။ ဟံသာဝတီရွှေနန်းရှင် ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့ပြီးသည့်နောက်တွင်ပင် ယိုးဒယား (ထိုင်းနိုင်ငံ) သို့ ငါးကြိမ်စစ်ချီခဲ့သည်။ သားသမီးများရလာပြီဖြစ်သောအခါတွင်လည်း ပဲခူးမိဖုရားသည် သားကိုပွေ့ပိုက်ရင်း ချစ်သူမောင်တော်အတွက် အိပ်စက်၍ မပျော်နိုင်ဖြစ်ခဲ့သည်။

**"အိမ်နေမယ်နှင့်၊ သားမျက်ပွင့်လည်း**
**မျှော်လင့်သည်သာ၊ မျက်စိရှာစွ**
**ကြေညာဝန်းကျင်၊ တန်ခိုးထင်သား**
**ရှင်ပင်ရပ်တူ၊ ဖြည့်တော်မူလော့"**

စသောအဖွဲ့များသည် ဖခမည်းတော်ကို မျှော်လင့်တကြီး ရှာဖွေနေသော သားငယ်နှင့် စစ်ထွက်သူအတွက် ပူပင်သောကများဖြင့် လောင်မြိုက်နေသော အိမ်သူမယ်တို့အား သနားစာနာဖွယ် သိမြင်ခဲ့ရပါသည်။

အိမ်ရှေ့စံဘဝကပင် စစ်ထွက်သူမောင်တော်အတွက် ပူပန်နေခဲ့သော ပဲခူးမိဖုရားသည် မိဖုရားခေါင်ကြီးဘဝတွင် ကြင်ရာတော် အရှင်သခင်အတွက်သာမက စစ်ချီစစ်ထွက်သွားသော သားတော်များ၊ တူတော်များအတွက်ပါ ပူပန်သောက ဖြစ်ခဲ့ရပါသည်။

**"ရွှက်လျှံပွင့်တွေ၊ နွေကဖူးဆင့်**
**ခါချိန်သင့်လည်း၊ ပျံ့လွင့်ကြိုင်ရှား**
**စကားရွှေဝါ၊ ပန်းကလျာနှင့်**
**မြေတာဝန်းထောက်၊ မရောက်လေတတ်**
**သုံးလူ့ထွတ်ကို၊ ရှိညွှတ်ကြည်လင်**
**ရည်၍တင်"**

နေခဲ့ရရှာသော စာဆိုမိဖုရား၏ သောကနှင့် ဘဝကို ထိတွေ့ခံစားကြရပါသည်။

**စာပေထဲက မိန်းမလှဘဝ**

ချစ်ဖွယ်၊ လွမ်းဖွယ်၊ ကြည်နူးဖွယ်ရှိလှသော ရတုကဗျာများစွာကို ဖန်တီးဖွဲ့ဆိုခဲ့သော မိဖုရားကြီးသည် မိမိ၏ ကြင်ရာတော်ချစ်ခင်ပွန်းကို နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးသူဖြစ်ပါသည်။ အခြား အခြားသော မိန်းမသား အိမ်ရှင်မများကဲ့သို့ပင် ခင်ပွန်းသည်ကို မိမိတစ်ဦးတည်းအပေါ်တွင်သာ မေတ္တာသက်ဝင် ချစ်ခင်စေလိုသူဖြစ်ပါသည်။ သို့ရာတွင် သာမန်ယောကျ်ားသားများသည်ပင်လျှင် ကျွေးနိုင်၊ ပေးနိုင်၊ ငွေကြေးတတ်နိုင်လျှင် ဇနီးမယားများစွာ ထားရှိတတ်ကြသော ရှေးမြန်မာ့လူ့အဖွဲ့အစည်းတွင် ဩဇာ၊ အာဏာ၊ ဥစ္စာဓနချမ်းသာကြွယ်ဝကြသော မြန်မာ့ရွှေနန်းတော်လောကမှ မင်းညီမင်းသားများသည် "ယောကျ်ားကောင်း မောင်းမတစ်ထောင်" ဘဝကို ကျေနပ်အားရ အသားကျနေကြမည် ဖြစ်ပါသည်။ ဘုရင်မင်းမြတ်များနှင့် မင်းညီမင်းသားများအဖို့ မိဖုရားများ မောင်းမများ များစွာထားရှိခြင်းသည် မည်သို့မျှ မထူးခြား မဆန်းပြားသော ထမင်းစား ရေသောက်ကိစ္စမျှလောက်သာ ဖြစ်ဟန်ရှိပါသည်။

မိန်းမသားများအဖို့မှာမူ အိမ်ထောင်သားမွေးပြုရခြင်းသည် မိမိ၏မိသားစု၊ မိမိ၏ မိဘဆွေမျိုးဉာတကာ၊ မိမိ၏ဘဝတစ်သက်တာ၊ မိမိ၏ သံသရာအကျိုးစီးပွား စသည်များစွာကို ရင်းနှီးကြရသော ကြီးမားလှသည့် ရင်းနှီးမြှုပ်နှံမှုကြီး ဖြစ်နေပါသည်။

မောင်တော်နန္ဒဘုရင်က အစ်မတော်ပဲခူးမိဖုရားအပေါ် ထားရှိသော မိမိ၏ ချစ်ခြင်းမေတ္တာသည် ဖောက်ပြန်သွေဖည်ရန် မရှိကြောင်း သစ္စာကျိန်ဆိုခဲ့သော်လည်း "သစ္စာယွင်းနှောင့်၊ သွေသူကြောင့်ပင်" စာဆိုမိဖုရားသည် "စိတ်ဖြောင့်ဖြေဖျော်၊ နေမပျော်ခဲ့" ရပါကြောင်း၊ မိမိ၏ ခံစားနေရမှုကို ဖွင့်ဆိုခဲ့သည်။ "လှည့်လည်ထွေသာ၊ နှုတ်ပျူဟာနှင့်၊ မာယာလှည့်ပတ်၊ လှည့်စားတတ်"သော မောင်တော်သည် မမှန်စကားများကြောင့် ဝန်လေးရမည့်သူ ဟူ၍လည်း ကြိမ်းလိုက်ပါသေးသည်။

**"ထွေပြားလိမ်းကျံ၊ နှုတ်ပေါ်လျှံနှင့်**
**ရဲစံရှင့်သား၊ ဖွတ်လျှာဝါး၍**
**တရားမလျော်၊ စိတ်လျှပ်ပေါ်သည်**
**မတော်သူ့ဝန်လေးလိမ့်မည်"** ဟု ပြောခဲ့သည်။

**"နှစ်ကြိမ်ဖောက်လှဲ၊ နောင်မြဲခကား**
**ငရဲဌာန၊ အပါယ်ကျလိမ့်"**ဟူ၍လည်း စိတ်နာနာနှင့် ဆိုခဲ့သည်။

ဒါန၊ သီလတွင်တည်သော မိမိမှာမူ ဗောဓိပင်ရင်းမှ ရောင်ခြည်တော်ကွန့်မြူးနေသော ဓာတ်တော်စုများကို ဖူးမြော်ရမည့် မြတ်သောသူဖြစ်ကြောင်း–

**"သီလဆောက်တည်၊ မယ့်ကျင့်ရည်မူ**
**ရောင်ခြည်လျှံဝင်း၊ ဗောဓိရင်း၌**
**လင်းလင်းရောင်ဝှန်၊ ရောင်တော်ပြန်ဝယ်**
**နိဗ္ဗာန်သခင်၊ အရှင်စတေ**
**ဓာတ်ပေါင်းမွေကို၊ ရှုံးစေရဲရဲ**
**အံ့အဲမနိုင်၊ ထွန်းရောင်ပြိုင်သည်**
**အစိုင်ခဲလျှင် လုံးတော့သည် "** ဟူ၍လည်း ထေ့ငေါ့ဖွဲ့ဆိုခဲ့သေးသည်။

မောင်တော့်အပါး ဝန်းရံနေကြသော မိဖုရားငယ်များ၊ မောင်းမမိသံများ စသူတို့သည်လည်း ငါ့ကိုမူ ချစ်မြတ်နိုးလိမ့်မည်ဟူသော အထင်မျိုးနှင့် မျှော်ရည်တမ်းတမောနေကြရမည်ကို တွေးမြင်မိဟန်လည်းရှိခဲ့သည်။ သို့ဖြင့် ကတိမတည်သော၊ စကားသစ္စာမမှန်သော မောင်တော်ဘုရားသည် မယ့်ကိုပစ်ခွာပြီး အခြားသော မိန်းမသားများနှင့် တွေ့လျှင်လည်း သည်သို့ပင်စကား ဖြစ်သည်ဆိုရုံမျှသော ချစ်မုသားစကားများကို ဆိုဦးမည်ဖြစ်ကြောင်းကို

**"မယ်နှင့်ခွာ၍၊ သူနှင့်တွေ့မူ**
**သူ့ရှေ့မှာလည်း၊ သည့်နှယ်ချည်းတည့်**
**ရည်းရတတ်ဆန်း၊ တန်းတန်းမဖြောင့်**
**သို့သော်ကြောင့်လျှင်၊ စိုးနှောင့်လောင်ဆာ**
**နေ့လှည့်ရာကို"** ဟူ၍ သရော်သံဖြင့် ဖွဲ့ဆိုခဲ့ပါသေးသည်။

မောင်တော် နန္ဒဘုရင်၏ ထင်ရှားလှသော ကုသိုလ်တော်ဖြစ်သည့် ဘုရားငါးဆူရုပ်တုတော်များတွင်မူ ပန်းပေါက်ပေါက်များ ဆက်ကပ်ပူဇော်ပြီး မိမိ၏ အမေ့ခံဘဝနှင့် မောင်တော်၏ "ချစ်၏သို့လျှင်၊ ကြင်၏သို့ဟန်၊ တည်မမှန်" ခဲ့သော အမူအကျင့်တို့ကို လျှောက်ထားခဲ့ပါကြောင်း

**"ညီနောင်ငါးထွေ၊ ငါးဆူမွေကို**
**ထိပ်ဖွေတင်မြှောက်၊ ကျွန်ုပ်လျှောက်အံ့**
**ပေါက်ပေါက်ရွှေတိုင်၊ လက်လှကိုင်၍"** ဟူ၍ တင်ပြခဲ့သည်။

**"ဆွေသည်နှစ်စုံ၊ သူ့ကြေးမုံဟု**
**ရိုပ်မြုံသူနှင့်၊ သူ့မျက်ပွင့်ကို**
**ချစ်ခွင့်ဟန်ကား၊ မှားဖူးသော်လည်း**
**နောင်သော်ဝိပါက်၊ မဆက်ချင်ပြီ**
**နောင်ညီငါးပါး၊ ဖြည့်စေသားဟု**
**ဖြူထွားပေါက်ပေါက်၊ လျှံတောက်ဝင်းပြောင်**
**မြတ်ဘုန်းခေါင်ဝယ်၊ မျိုးမောင်မင်းခြေ**
**ကျင့်သောထွေကို၊ လျှောက်ပေလှာရ"** ဟူ၍လည်း ချစ်ခွင့်မှားခဲ့သော မိမိအနေဖြင့် နောင်သံသရာဘဝများတွင် မောင်တော်ဘုရားနှင့် ပြန်လည်၍ မဆက်သွယ်၊ မဆုံဆည်းလိုသော ဆန္ဒများကို ညီနောင်ငါးပါးမြတ်ဘုရားငါးဆူက ဖြည့်ဆည်းပေးပါရန် သနားကရုဏာသက်ဖွယ် ရေးခြယ်ခဲ့ပါသည်။

ပဲခူးမိဖုရားသည် အချစ်အလွမ်းဆိုင်ရာ ကိုယ်ရေးကိုယ်တာခံစားမှုဝေဒနာများကို ဖွင့်ဟတင်ပြသော စာပေအမျိုးအစားဖြစ်သည့် ရတုကဗျာများစွာကို ရသမြောက်စွာ ဖန်တီးနိုင်စွမ်းရှိခဲ့သူ ဖြစ်သည်။ ရတုကဗျာများကို ဖွဲ့ဆိုရာတွင်လည်း မိမိ၏ခံစားမှုများကို သာမန်ဖွင့်ဟ တင်ပြရုံ၊ ကာရန်အစပ်အဟပ်များ ချိတ်ဆက်မိနိုင်ရုံ၊ ကဗျာသုံးစကားလုံးများသုံးစွဲရုံ၊ အလင်္ကာများဖြင့် တန်ဆာဆင်ရုံ၊ အချီညီ အချညီရုံမျှသာ မဟုတ်။ အဆုံးသတ်အချနှင့် အစချီနောက်အပိုဒ်တို့ ချိတ်ဆက်ဖွဲ့ဆိုသော အချီမညီ အချညီအဖွဲ့များ၊ စံပယ်ချီ စံပယ်ချစပ်နည်းအဖွဲ့များကိုလည်း စမ်းသပ်တီထွင် ဖွဲ့ဆိုခဲ့သည်ကို တွေ့ရှိရပါသည်။

**"အရဲနဂို"** ချီရတုတွင် –

အပိုဒ် ၁။ **"အရဲနဂို"** ဟူ၍ ချီပြီး **"အခေါင်ထားမည်သူကိုမှ"** ဟူ၍ ချသည်။

အပိုဒ် ၂။ **"အခေါင်စံတည်"** ဟူ၍ချီပြီး **"မရှောင်ရှားမည်သူကိုမှ"** ဟူ၍ ချသည်။

**○ ပဲခူးမိဖုရားသည် ကြင်ရာတော်အိမ်ရှေ့စံ စစ်ချီစစ်ထွက်ချိန်မှစပြီး ဥပုသ်သီလကို မပြတ်ဆောက်တည်ခဲ့သူ၊ ဘေးရန်ကင်းဝေးပြီး အောင်မြင်စေကြောင်း မပြတ်မသောင်း ဆုတောင်းခဲ့သူ၊ အောင်ပွဲများ အခွန်အတုတ်များ သိမ်းယူပြီး ဖခမည်းတော် ဘုရင့်နောင်မင်းတရားကြီးနှင့်အတူ အမြန်ပြန်လာနိုင်စေကြောင်း ရွှေမော်ဓောစေတီတော်ကြီးကို ဦးတင်ရှိခိုးပြီး ဆုတောင်းဆုယူ ပြုနေခဲ့သူဖြစ်**

**○ ချစ်ဖွယ်၊ လွမ်းဖွယ်၊ ကြည်နူးဖွယ်ရှိလှသော ရတုကဗျာများစွာကို ဖန်တီးဖွဲ့ဆိုခဲ့သော မိဖုရားကြီးသည် မိမိ၏ ကြင်ရာတော်ချစ်ခင်ပွန်းကို နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးသူဖြစ်ပါသည်။ အခြား အခြားသော မိန်းမသား အိမ်ရှင်မများကဲ့သို့ပင် ခင်ပွန်းသည်ကို မိမိတစ်ဦးတည်းအပေါ်တွင်သာ မေတ္တာသက်ဝင် ချစ်ခင်စေလိုသူဖြစ်**

*စာမျက်နှာ ၁၃ သို့*



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရတနာတန်းဝင် ကျွန်းပင်အား စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးမှုနှင့် ပထမအကြိမ် စိုက်ပျိုးခဲ့သည့် ရေသင်းဝင်၊ ပိတောက်၊ မဲဇလီ၊ အခြား အရိပ်ရနှစ်ရှည်ပင်များနှင့် ကော်ဖီပင်များ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

**ကျွန်းပင် ၁၀၀၀ စိုက်ပျိုး**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်၊ ပိတောက်၊ မဲဇလီ၊ အခြားအရိပ်ရနှစ်ရှည်ပင် ၁၀၅၀ နှင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးတောင်သူ ၁၃ ဦး၏ အောင်မြင်ဖြစ်ထွန်းနေသော သခွား၊ ခဝဲ၊ ပဲတောင့်ရှည်၊ ဘူး၊ တစ်သျှူးငှက်ပျော၊ ရုံးပတီ၊ မုန်လာဥ စိုက်ခင်းများ၊ ငွေနှင်းမှိုနှင့် ကောက်ရိုးမှိုစိုက်ပျိုးရုံများကို ကြည့်ရှုအားပေးပြီး မြေလွတ်၊ မြေလပ်မကျန် ဖြစ်ထွန်းအောင်စိုက်ပျိုး၍ တောင်သူလယ်သမားဈေးနှင့် စည်ပင်သာယာဈေးများသို့ တင်ပို့ရောင်းချကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝင်းကျန်ကျေးရွာအုပ်စုရှိ တောင်သူ မင်းချမ်းလွန်၏ ရွှေရောင်လွှမ်းမျှစ်ရုံနှင့် တရုတ်လုကော့ကျိုက်အုပ်စု ကော့ကျိုက်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမောင်စိုး၏ မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးပြီး အာဟာရဆားခဲများနှင့် တိရစ္ဆာန်သုံးဆေးဝါးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



◆ *ရွှေဖုံးမှ*

လက်မှတ်ရေးထိုးခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ သိရသည်။

"စွန့်ဦးတီထွင်လုပ်ငန်းအဖြစ် ကြိုးစားခဲ့သမျှ အောင်မြင်မှုရခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲ တရုတ်ခရီးစဉ်သွားပြီး ဆီဒိုးနားဟိုတယ်မှာကျင်းပတဲ့ ခရီးသွားပြပွဲကနေတစ်ဆင့် အချိတ်အဆက်ရခဲ့တယ်။ အဲဒီကနေ ငှက်ပျောလျှော်နဲ့ မြက်ကထွက်တဲ့ပစ္စည်းတွေ တင်ပို့ရောင်းချနိုင်ဖို့ လက်မှတ်ထိုးဖြစ်ခဲ့တာပါ။ ဒီလုပ်ငန်းကနေ ဒေသခံတွေအလုပ်အကိုင် ဖန်တီးပေးနိုင်လို့ ဝမ်းသာကျေနပ်ရပါတယ်။ စွန့်ပစ်ပစ္စည်းကနေ လူသုံးကုန်ပစ္စည်းတွေ ဆက်ထုတ်ချင်ပါတယ်။ နိုင်ငံတော်ကပေးတဲ့ ထူးချွန်စွန့်ဦးတီထွင်သူ ၁၁၉ ဦးထဲမှာ ပါဝင်ခဲ့တယ်။ အခုလို ထူးချွန်ဆုရရှိခဲ့တဲ့အပေါ် ဝမ်းမြောက်ဂုဏ်ယူပြီး အသိအမှတ်ပြုပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောကြားသည်။

Green Banana Myanmar အနေဖြင့် ငှက်ပျောလျှော်နှင့် မြက်မှ ခေါင်းအုံး၊ ဦးထုပ်၊ ပဝါ၊ အိတ်၊ ဖိနပ်၊ ဖျာ ဒီဇိုင်းမျိုးစုံနှင့် အခြား လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး အဆိုပါ လက်မှုပစ္စည်းများကို HEILONGJIANG ကုန်သည်ကြီးများ အသင်းက တရုတ်နိုင်ငံ ပြည်နယ်လေးခုရှိ အခြားကုမ္ပဏီများ၊ အဖွဲ့အစည်းများထံ ရောင်းချသွားမည်ဖြစ်ကာ လာမည့် ဩဂုတ်လတွင် တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

❍ *ကျောဖုံးမှ*

အသင်းကို မိနစ် ၈၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် အာရုံစူးစိုက်မှုလျော့နည်းလာကာ ချေပဂိုးများနှင့် အနိုင်ဂိုးပြန်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ယခုနှစ်ကမ္ဘာ့ဖလားကို ၃၂ သင်းအဆင့်ဖြင့် လက်ပြနှုတ်ဆက်ခဲ့ရပြီ ဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် ပူးတွဲအိမ်ရှင်အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၆ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ပူးတွဲအိမ်ရှင်အမေရိကန်နှင့် ဘော့စနီးယားအသင်းပွဲစဉ်တွင် အမေရိကန်အသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိကာ ၁၆ သင်းအဆင့် တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ် ၆၄ မိနစ်တွင် အမေရိကန် အဓိကတိုက်စစ်ကစား ဖိုလာရင် ဘာလိုဂန် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဇူလိုင် ၁ ရက် ည ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး အင်္ဂလန်နှင့် ကွန်ဂိုအသင်းပွဲစဉ်တွင် အင်္ဂလန်အသင်းက ဟယ်ရီကိန်း၏ နောက်ကျသွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ကွန်ဂိုအသင်းသည် ဘရိုင်ယန်ဆီပန်ဂါ၏ သွင်းဂိုးဖြင့် အင်္ဂလန်အသင်းကို မိနစ် ၇၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်တွင် ပူးတွဲအိမ်ရှင် မက္ကဆီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

■ *ကျောဖုံးမှ*

စော်ဘွား(၆)ရပ်ကွက်နေသူများဖြစ်သည့် ထက်ကိုဝင်း(၂၉)နှစ် မောင်းနှင်ပြီး ထက်ထက်ဇော် (ခ)အငယ်ကောင်(၂၃)နှစ် လိုက်ပါလာသော HILUX SURF အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၆၀၀) ဖမ်းဆီးရမိသဖြင့် ထက်ကိုဝင်းနှင့် ထက်ထက်ဇော်(ခ) အငယ်ကောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ယင်းနေ့ ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ဘားအံမြို့ (၉)ရပ်ကွက်နေ သက်အောင်ထွန်း(ခ)နဂါး(၄၃)နှစ် မောင်းနှင်ပြီး ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်နေ စိုးမျိုးထွန်း(ခ)ကိုကြီး(၄၃)နှစ်နှင့် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက်နေ မလဖိုင်နန်ဘောက်(၃၁)နှစ်တို့ လိုက်ပါလာသော TOYOTA HIACE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၂၀၅၀၀ (ဆေးတစ်တောင့်လျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် သက်အောင်ထွန်း(ခ)နဂါး၊ စိုးမျိုးထွန်း(ခ)ကိုကြီးနှင့် မလဖိုင်နန်ဘောက်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ညနေပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်(တာဝန်)၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပထမဆုံးပွဲစဉ်အဖြစ် Synergy အသင်းနှင့် EC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ EC အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါ မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

*စာမျက်နှာ ၁၂ မှ*

အပိုဒ် ၃။ **"မရှောင်ရှားလေ"** ဟူ၍ချီပြီး **"အပြောင်းများမည်သူကိုမှ"** ဟူ၍ ချသည်တို့ကို ထောက်ဆ သိရှိနိုင်ပါသည်။

ပဲခူးမိဖုရားသည် ဗုဒ္ဓဘာသာဝင် အိမ်ထောင်ရှင်မတစ်ဦးအနေဖြင့် ဇနီးကောင်းပီသသူဖြစ်သည်။ နိုင်ငံ၏ တိုက်ပွဲအောင်ပွဲများ အနိုင်ရရှိရေး၊ ခင်ပွန်းသည်နှင့် သားတော်သမီးတော်များ ဘေးရန်အန္တရာယ်ကင်းစင်ရေး၊ ဘဝအောင်မြင်ရေးများအတွက် ကုသိုလ်ကောင်းမှု ပြုပေးခြင်းများဖြင့် ဖြည့်ဆည်းပေးခဲ့သူဖြစ်သည်။ ရတနာသုံးပါးကို အလေးအမြတ်ထား၍ ကြည်ညိုရိုသေသူ၊ အထက်တန်းစား မြန်မာအမျိုးသမီး မိဖုရားကြီးလည်း ဖြစ်သည်။ စာပေအနုပညာရပ်များကိုလည်း ရသမြောက်စွာ လှပစွာဖန်တီးနိုင်စွမ်းရှိသည့် တန်ဖိုးထားအပ်သော မြန်မာ့ရွှေနန်းတော်ရပ်ဝန်းမှ ကျက်သရေရှိလှသော စာတတ်ပေတတ် မြန်မာမိဖုရားကြီးတစ်ပါးလည်း ဖြစ်ပါသည်။

ယင်းသို့သော မြန်မာအမျိုးသမီးကြီးသည် ဖရိုဖရဲ ပြိုကွဲနေကြပြီး တစ်ဗိုလ်တစ်မင်းကြီးစိုးနေကြသောနိုင်ငံ၊ အာဏာရမွှက်ကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားလျက်ရှိသောနိုင်ငံ၊ နိုင်ငံတော်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အသက်သွေးချွေးများစွာကို ပေးဆပ်နေကြရသော နိုင်ငံတွင် အသက်ရှင်ရပ်တည်ခဲ့ရသူဖြစ်သည်။

ဖခမည်းတော်အတွက်၊ ကြင်ရာတော်ခင်ပွန်းသည်အတွက်၊ သားတော်သမီးတော် ဆွေတော်မျိုးတော်များအတွက်၊ မိမိအတွက် တစ်သက်တာပတ်လုံး ပူလောင်ပင်ပန်းခဲ့ရသူဖြစ်ပါသည်။

ရာဇမာန် ယောကျ်ားမာန်များဖြင့် အမျိုးသမီးများအပေါ်၌ အိမ်ထောင်မှုအခွင့်အရေးကို လွန်ကဲစွာယူတတ်ကြသော လူမှုဆက်ဆံရေးဝန်းကျင်တွင် အသက်ရှင်ဖြတ်သန်းခဲ့ရသူလည်း ဖြစ်ပါသည်။

ဤသို့သော ကရုဏာသက်ဖွယ်ရာသော ဘဝ၊ လေးမြတ်ဖွယ်ရာသော ဂုဏ်ရည်များနှင့် ပြည့်စုံသော ပဲခူးမိဖုရားကြီး၏ ဘဝပုံရိပ် စာပေပုံရိပ်ကို ရေးခြယ်တင်ပြခြင်းဖြင့် မိဖုရားကြီးအား လေးစားစွာ ဂါရဝပြုအပ်ပါသည်ရှင် .......

**စာညွှန်း**

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း - ပဉ္စမတွဲ
၂။ မှန်နန်းရာဇဝင်တော်ကြီး
၃။ အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ (ပါမောက္ခ ဒေါ်မိမိလေး)
၄။ အမျိုးသမီးအနုပညာရှင်များ(ဒဂုန်ခင်ခင်လေး)

## ကမ္ဘောဒီးယား အန်ကောဒေသသို့ တရုတ်ခရီးသွား သုံးသောင်းခွဲနီးပါး လာရောက်

**ဖနောင်ပင် ဇူလိုင် ၂**

ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ ၂၀၂၆ခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံသား ခရီးသွားဧည့်သည် ၃၃၉၈၁ ဦး လာရောက်ခဲ့ကြောင်း ဇူလိုင် ၂ ရက်က ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အန်ကောရှေးဟောင်းအမွေအနှစ်နေရာသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားများအနက် စတုတ္ထအများဆုံးနိုင်ငံဖြစ်ကြောင်း နိုင်ငံပိုင် Angkor Enterprise က ထုတ်ပြန်ထားသည်။ ဇွန်လတစ်လတည်းတွင် အန်ကောသို့ တရုတ်နိုင်ငံသားခရီးသွားဧည့်သည် ၄၂၇၂ ဦး လာရောက်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



## အင်ဒိုနီးရှားနိုင်ငံက ရေထွက်ကုန်ထုတ်လုပ်မှုမြှင့်တင်ရန် ငါးဖမ်းရေယာဉ် ၄၅၀၀ ကျော်ကို အဆင့်မြှင့်တင်မည်

**ဂျကာတာ ဇူလိုင် ၂**

အင်ဒိုနီးရှားနိုင်ငံသည် ငါးလုပ်ငန်းကဏ္ဍ၏ ကုန်ထုတ်စွမ်းအားနှင့်ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ရန် နိုင်ငံ့ဦးစားပေး အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ငါးဖမ်းရေယာဉ် ၄၅၈၂ စင်းကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ရေကြောင်းနှင့် ငါးလုပ်ငန်းဝန်ကြီးက ဇူလိုင် ၂ ရက်တွင် ပြောကြားသည်။

အဆိုပါ အဆင့်မြှင့်တင်ရေးအစီအစဉ်တွင် GT ၂၀၀ မှ GT ၂၅၀၀ အကြားရှိ ငါးသယ်ယူပို့ဆောင်ရေး ရေယာဉ် ၆၇ စင်းအပြင် စုစုပေါင်းတန်ချိန် GT ၁၀ မှ GT ၁၅၀၀ အထိရှိသော ရေယာဉ် ၄၅၁၅ စင်း ပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီး စက်ခ်တီဝါဟူ ထရန်ဂိုနိုက ပြောကြားသည်။

ထုတ်လုပ်မှုပိုင်းနှင့်ပတ်သက်၍ ယင်းအစီအစဉ်သည် နှစ်စဉ် ငါးဖမ်းဆီးရရှိမှု ၂ ဒသမ ၃ သန်းတန်ချိန် အောင်မြင်စွာရရှိရန် ရည်မှန်းထားကြောင်း ဂျကာတာ၌ကျင်းပသည့် အမျိုးသားအဆင့် ညှိနှိုင်းအစည်းအဝေး၌ ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

## နီပေါနိုင်ငံသို့ ဇွန်လအတွင်း နိုင်ငံခြားခရီးသွား ဝင်ရောက်မှု ၁၉ ရာခိုင်နှုန်းကျော် တိုးလာ

**ခတ္တမန္ဒူ ဇူလိုင် ၂**

နီပေါနိုင်ငံသို့ ဇွန်လအတွင်း လာရောက်သည့် နိုင်ငံခြားခရီးသွား ၈၁၃၆၃ ဦးရှိပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၉ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်ဟု အစိုးရ၏ အစီရင်ခံစာအရ သိရသည်။

နီပေါနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း နိုင်ငံခြားခရီးသွား ၇၆၄၂၅ ဦးကို ကြိုဆိုနိုင်ခဲ့သည်ဟု သိရသည်။ ခရီးသွားလာရေးဘုတ်အဖွဲ့၏ ဇူလိုင် ၂ ရက် ထုတ်ပြန်သည့် လစဉ်အစီရင်ခံစာအရ အိန္ဒိယ ခရီးသွားအရေအတွက် မြင့်မားလာခြင်းကြောင့် နိုင်ငံခြားခရီးသွားဦးရေ သိသိသာသာ တိုးလာခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် နီပေါနိုင်ငံ၏ အဓိကခရီးသွားဈေးကွက်ဖြစ်ပြီး ဇွန်လတစ်လတည်းအတွင်း လာရောက်သူ ၄၁၈၀၉ ဦးရှိပြီး အမေရိကန်က ခရီးသွား ၁၁၈၃၆ ဦးဖြင့် ဒုတိယအများဆုံး လာရောက်လည်ပတ်သည့် နိုင်ငံဖြစ်သည်။ **ဆင်ဟွာ**

## ဗင်နီဇွဲလားသို့ ကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ကူညီရန် ဩစတြေးလျ ကတိပြု

**ကန်ဘာရာ ဇူလိုင် ၂**

ဗင်နီဇွဲလားနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းခန့် ကူညီပေးသွားမည်ဟု ဩစတြေးလျအစိုးရက ဇူလိုင် ၂ ရက်တွင် ကတိပြုပြောကြားခဲ့သည်။

ဇွန် ၂၄ ရက်က ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးနှစ်ခုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသများရှိ လူမှုအသိုက်အဝန်းများကို အဆိုပါရန်ပုံငွေဖြင့် ထောက်ပံ့ကူညီသွားမည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်နှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး အန်အလီက ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

အရေးပေါ် အစားအသောက်၊ ခိုလှုံရာနေရာ၊ ရေ၊ မိလ္လာစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် ဩစတြေးလျနိုင်ငံမှ ကူညီပေးသည့် ရန်ပုံငွေများကို အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ကယ်ဆယ်ရေးသမားများနှင့် ဒေသဆိုင်ရာအာဏာပိုင်များအတွက် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့အတွက်ပါ အထောက်အကူပြုမည်ဟု သိရသည်။ **ဆင်ဟွာ**

## ဂျာမနီနိုင်ငံ၌ ဆေးရုံမီးလောင်မှုကြောင့် ၃၄ ဦး ဒဏ်ရာရ

**ဘာလင် ဇူလိုင် ၂**

ဂျာမနီနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ် မက်ကလင်ဘာ့ဂ်-ဘော်ပွန်မန်း၏ မြို့တော်လေ့ဝ့စ်ဆလပ်ရှိ ဆေးရုံတစ်ရုံ၏ ခေါင်မိုးတွင် မီးလောင်မှုဖြစ်ပွားရာ ၃၄ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီမီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါ ဆေးရုံအဆောက်အအုံအတွင်းမှ လူနာများနှင့် ဆေးရုံဝန်ထမ်းများအား ကယ်တင်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ဒဏ်ရာရရှိသူများ၏ ဒဏ်ရာအခြေအနေအသေးစိတ်ကို ပြောပြနိုင်ခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ

ဇူလိုင် ၄ ရက်မှာ လက်ရှိချန်ပီယံဂုဏ်ပုဒ်ကို ထိန်းသိမ်းနိုင်ဖို့ ကြိုးပမ်းလာမယ့် အာဂျင်တီးနားနဲ့ သမိုင်းသစ်စိုက်ထူဖို့ ကြိုးပမ်းလာမယ့် ကိတ်ဗာဒီတို့တွေ့ဆုံတဲ့ ပွဲစဉ်အပါအဝင် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်နဲ့ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

# မိုရိုကိုက ကနေဒါကိုနိုင်ပွဲယူပြီး မှတ်တမ်းသစ် ဆက်လက်ရေးထိုးသွားမလား

■ မိုးဇက်

### ဩစတြေးလျ VS အီဂျစ် — နံနက် ၁၂း၃၀

ခြေရည်တူနှစ်သင်းတွေ့ဆုံမှုဖြစ်ပြီး နှစ်သင်းစလုံးမှာ ပြိုင်ဘက်အသင်းခံစစ်ရဲ့ လစ်ဟာကွက်တွေကို အသုံးချပြီး သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းရှိတဲ့ ထိပ်တန်းအဆင့်ကစားသမားတွေရှိတာကြောင့် အမှားများတဲ့ အသင်းက ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ ဩစတြေးလျရဲ့ ခံစစ်ပိုင်းက တည်ငြိမ်မှုရှိပြီး တိုက်စစ်ကိုကူးပြောင်းရာမှာ လျင်မြန်မှုရှိတယ်။ အီဂျစ်က တိုက်စစ်ထက်မြက်ပြီး အုပ်စုတွင်း သုံးပွဲမှာ သုံးပွဲစလုံး ဂိုးသွင်းယူထားနိုင်တယ်။ ဩစတြေးလျထက် အီဂျစ်နိုင်ဖွယ်ရာရှိတယ်။

**ဩစတြေးလျရဲ့ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| ဩစတြေးလျ | ၂-၀ | တူကီယဲ |
| အမေရိကန် | ၂-၀ | ဩစတြေးလျ |
| ပါရာဂွေး | ၀-၀ | ဩစတြေးလျ |

**အီဂျစ်ရဲ့ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| ဘယ်လ်ဂျီယံ | ၁-၁ | အီဂျစ် |
| နယူးဇီလန် | ၁-၃ | အီဂျစ် |
| အီဂျစ် | ၁-၁ | အီရန် |

### အာဂျင်တီးနား VS ကိတ်ဗာဒီ — နံနက် ၄း၃၀

ဖလားဆွတ်ခူးနိုင်ခြေမြင့်မားတဲ့ အာဂျင်တီးနားက အဓိကကစားသမား မက်ဆီခြေစွမ်းပြမှုနဲ့အတူ အကောင်းဆုံးပုံစံမှာရှိနေတယ်။ ၃၂ သင်းအဆင့်အထိ တက်လှမ်းနိုင်တာက အသင်းရဲ့ အကြီးမားဆုံးအောင်မြင်မှုအဖြစ် ရှိနေတဲ့ ကိတ်ဗာဒီက ဒီပွဲစဉ်ကို ဖိအားကင်းကင်း ကစားလာမှာ သေချာတယ်။ အာဂျင်တီးနားက ပွဲကိုထိန်းချုပ်ပြီး သွင်းဂိုးရရေး တရစပ်ထိုးဖောက်တိုက်စစ်ဆင်လာဖွယ် ရှိပေမယ့် ခံစစ်ပိတ်ဗျူဟာကျင့်သုံးလာမယ့် ကိတ်ဗာဒီရဲ့ခြေစွမ်းကြောင့် အခက်တွေ့နိုင်တယ်။

**အာဂျင်တီးနားရဲ့ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| အာဂျင်တီးနား | ၃-၀ | အယ်ဂျီးရီးယား |
| အာဂျင်တီးနား | ၂-၀ | ဩစတြီးယား |
| ဂျော်ဒန် | ၁-၃ | အာဂျင်တီးနား |

**ကိတ်ဗာဒီရဲ့ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| စပိန် | ၀-၀ | ကိတ်ဗာဒီ |
| ဥရုဂွေး | ၂-၂ | ကိတ်ဗာဒီ |
| ကိတ်ဗာဒီ | ၀-၀ | ဆော်ဒီ |

### ကိုလံဘီယာ VS ဂါနာ — နံနက် ၈း၀၀

ကိုလံဘီယာက ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားကွက်ကို စိတ်ကြိုက်ပုံဖော်ပြီး ခံစစ်ကနေ တိုက်စစ်ချိတ်ဆက်ကူးပြောင်းရာမှာ ဂါနာထက် သာလွန်မှုရှိတယ်။ ဂါနာက အသင်းကြီးတွေနဲ့ ကစားတဲ့အခါတိုင်း ခံစစ်အသားပေးဗျူဟာကို ကျင့်သုံးပြီး တန်ပြန်တိုက်စစ်ကနေ သွင်းဂိုးရရေးကို ဦးစားပေးတတ်တယ်။ ရှုံးထွက်ပွဲစဉ်ဖြစ်တာကြောင့် ဖိအားတွေအောက်မှာ ကိုလံဘီယာအသင်း ကစားပုံဟန်ချက်ပျက်ခဲ့ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။

**ကိုလံဘီယာရဲ့ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| ဥဇဘက် | ၁-၃ | ကိုလံဘီယာ |
| ကိုလံဘီယာ | ၁-၀ | ကွန်ဂို |
| ကိုလံဘီယာ | ၀-၀ | ပေါ်တူဂီ |

**ဂါနာရဲ့ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | |
|---|---|---|
| ဂါနာ | ၁-၀ | ပနားမား |
| အင်္ဂလန် | ၀-၀ | ဂါနာ |
| ခရိုအေးရှား | ၂-၁ | ဂါနာ |

### ကနေဒါ VS မိုရိုကို

ပူးတွဲအိမ်ရှင်ကနေဒါက တိုက်စစ်ကို အသားပေးကစားလေ့ရှိပေမယ့် အသင်းကစားပုံ ဟန်ချက်ပျက်သွားတဲ့အခါ ခံစစ်ပိုင်းဟာကွက်ဖြစ်ပေါ်ပြီး ပြိုင်ဘက်အသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုတွေကို ထိန်းချုပ်ရခက်နိုင်တယ်။ မိုရိုကိုက ပြိုင်ဘက်ရဲ့ တိုက်စစ်လမ်းကြောင်းကို ဟန့်တားပြီး ထိရောက်မြန်ဆန်တဲ့ တန်ပြန်တိုက်စစ်ဆင်နိုင်စွမ်းရှိတယ်။ မိုရိုကိုအနေနဲ့ ပူးတွဲအိမ်ရှင် ကနေဒါနဲ့ ကစားရမှာဖြစ်လို့ ကွင်းတွင်းလွှမ်းမိုးမှုကို အားသာချက်အဖြစ် ပြောင်းလဲပြီး ပြိုင်ဘက်အသင်းရဲ့ အားနည်းချက်တွေကို အခွင့်ကောင်းယူကာ မှတ်တမ်းသစ်ဆက်လက်ရေးထိုးသွားဖွယ်ရှိတယ်။

■ **ပွဲစဉ်ဇယား မြန်မာစံတော်ချိန်**

- ✓ **ကစားမည့် အချိန်** – ဇူလိုင် ၄ ရက်၊ ည ၁၁ နာရီခွဲ
- ✓ **ကမ္ဘာ့ဖလားပြိုင်ပွဲ** – ၁၆ သင်းအဆင့်
- ✓ **ကစားမည့် ကွင်း** – Houston Stadium

**ကနေဒါအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုတွင်း ရလဒ်များ** | | | |
| ကနေဒါ | ၁-၁ | ဘော့စနီးယား | ဇွန် ၁၃ |
| ကနေဒါ | ၆-၀ | ကာတာ | ဇွန် ၁၉ |
| ဆွစ်ဇာလန် | ၂-၁ | ကနေဒါ | ဇွန် ၂၅ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| တောင်အာဖရိက | ၀-၁ | ကနေဒါ | ဇွန် ၂၉ |

**မိုရိုကိုအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုတွင်း ရလဒ်များ** | | | |
| ဘရာဇီး | ၁-၁ | မိုရိုကို | ဇွန် ၁၄ |
| စကော့တလန် | ၀-၁ | မိုရိုကို | ဇွန် ၂၀ |
| မိုရိုကို | ၄-၂ | ဟေတီ | ဇွန် ၂၅ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| နယ်သာလန် | ၁-၁ | မိုရိုကို | ဇွန် ၃၀ |

■ ပယ်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် မိုရိုကို နိုင်ပွဲရ







## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ချင်းပြည်နယ် ဖလမ်းမြို့၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှု

**ဖလမ်း ဇူလိုင် ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၃၀ ရက်က တီးတိန်-သိုင်းငင်း - ဖလမ်းလမ်းပိုင်းအခြေအနေ၊ ဖလမ်းမြို့၌ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုကြည့်ရှုခဲ့သည်။

ဦးစွာ တီးတိန်-သိုင်းငင်း-ဖလမ်းလမ်းပိုင်း၊ ဗားရဲတံတားနှင့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊ မိုးရာသီတွင် လမ်း၊တံတားများပေါ်တွင် ရေမတင်စေရေး အလေးထား ဆောင်ရွက်ရန်နှင့် တောင်ပြို၍ လမ်းပြတ်တောက်မှုများမရှိစေရေး ကြိုတင်စုဖွဲ့၍ စီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ဖလမ်းမြို့ရှိ ယာယီဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ယာယီဆေးရုံပြင်ဆင်စီမံထားရှိမှုအခြေအနေ၊ (Mobile) ခွဲစိတ်ခန်း တပ်ဆင်ထားရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေ၊ မီးရရှိမှုအခြေအနေ၊ ဆေးရုံထပ်မံတိုးချဲ့နိုင်မည့် အခြေအနေ၊ ဆေးဝါးများ ရရှိမှုအခြေအနေနှင့် ဆေးကုသပေးနေမှု အခြေအနေများကို ဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများကို အားပေးစကား ပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံအုပ်ကြီး အပါအဝင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းစုစုပေါင်း ၉၀ ဖြင့် ယနေ့တွင် ပြင်ပလူနာ ၅၀ နှင့် အတွင်းလူနာ ၈ ဦးတို့အား ဆေးကုသမှုပေးလျက်ရှိပြီး ယနေ့အထိ ၎င်းဆေးရုံတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သော လူနာစုစုပေါင်း ၁၀၈၈ ဦးနှင့် ကာကွယ်ဆေးထိုးနှံပေးခဲ့သော လူနာ ၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Abdullah AL Razi နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဇူလိုင် ၂**

ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေသည် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Abdullah AL Razi နှင့်အဖွဲ့အား ယမန်နေ့ညနေပိုင်းက ရခိုင်ပြည်နယ် လွှတ်တော်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှိုင်ကော်မြို့၌ သက်မွေးပညာသင်တန်းဆင်းပွဲကျင်းပ

**လှိုင်ကော် ဇူလိုင် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၏ ပထမအကြိမ် ခြောက်လ လက်ရက်ကန်းသင်တန်းဆင်းပွဲ၊ ဒုတိယအကြိမ် ခြောက်လ လက်ရက်ကန်း သင်တန်းဖွင့်ပွဲ၊ သဘာဝဆိုးဆေးနှင့် Botanical Printing သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်း ကျောင်း ခန်းမ၌ကျင်းပရာ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးရဲဝင်းက အမှာစကား ပြောကြားပြီး ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်း ကျောင်းအုပ်ကြီး ဒေါ်မြမြချို က သင်တန်းနှင့်ပတ်သက်သည့် လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

လှိုင်ကော်မြို့ရှိ လက်ရက်ကန်း ခြောက်လသင်တန်းသို့ အခြေခံပညာမူလတန်း အောင်မြင်ပြီး အသက် ၁၆ နှစ်မှ ၂၅ နှစ်အထိ၊ စက်ရက်ကန်း တစ်နှစ်သင်တန်းသို့ အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက် ၁၆ နှစ်မှ ၂၅ နှစ်အထိရှိသူများတက်ရောက်နိုင်ပြီး သင်တန်းပြီးမြောက်ပါက နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ကိုယ်ပိုင်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အာမခံဆိုင်ရာ ဆွေးနွေးမည်

**ရန်ကုန် ဇူလိုင် ၂**

"သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အာမခံ"ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MHFTSA) မှ သိရသည်။

ယင်းဆွေးနွေးပွဲကို Logistics & Supply Chain Management မဂ္ဂဇင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MHFTSA) နှင့် Venture Synergy Co., Ltd တို့ ပူးပေါင်းစီစဉ်၍ EFI General Insurance မှ အဓိကပံ့ပိုးကူညီသည့် "သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများနှင့် အာမခံ" Panel Discussion (စကားဝိုင်းဆွေးနွေးပွဲ) ကို ကျင်းပသွားမည်ဖြစ်ပြီး မိမိတို့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲကာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် အသင်းဝင်လုပ်ငန်းရှင်များ၊ ဂိတ်တာဝန်ခံများနှင့် ယာဉ်ပိုင်ရှင်များ တက်ရောက်ကြရန် ဖိတ်ခေါ်ထားသည်။ အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄ နာရီအထိ ကုန်စည်ဒိုင်အပေါ်ဆုံးထပ် အစည်းအဝေးခန်းမ(ဘုရင့်နောင်)၌ ကျင်းပသွားမည်ဖြစ်ပြီး မိမိတို့လုပ်ငန်းခွင်၌ လက်တွေ့ကြုံတွေ့နေရသော အာမခံနှင့် လမ်းခရီး အခက်အခဲများကို ပညာရှင်များနှင့် တိုက်ရိုက်မေးမြန်းနိုင်သည်။

MT

## တောင်ငူခရိုင်ဥပဒေရုံး၌ ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာမေးမြန်းဆွေးနွေး

**တောင်ငူ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဥပဒေရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများနှင့် မြို့နယ် ဥပဒေအရာရှိများအား ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းကို ယမန်နေ့က ဆောင်ရွက်ရာ ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ ဦးတင်မောင်မောင်ကျော်က ဥပဒေအရာရှိများ အနေဖြင့် ဥပဒေကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာ၍ အများ



ပြည်သူက ယုံကြည်အားကိုးမှု ရရှိစေရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယခရိုင် ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာ မေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

## ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**မအူပင် ဇူလိုင် ၂**

မအူပင်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အုပ်ချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး



လွှတ်တော်ကိုယ်စားလှယ်တို့က နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ လွှတ်တော်တွင်း အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၈၈ ဦး တက်ရောက်ကြသည်။**အောင်မြင့်မြတ်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မုံရွာ ဇူလိုင် ၂**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစု ပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ တက္ကသိုလ်ကျောင်းဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင် ၇၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် သူနာပြုသိပ္ပံ(မုံရွာ) ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် သူနာပြု- သားဖွားဒီပလိုမာ သုံးနှစ် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ တက်ရောက်

**မကွေး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် သင်တန်းများမှ လုပ်ငန်းထူထောင်မည့်သင်တန်းသူ ၃၅ဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနာယကနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကာ ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**





## ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဇူလိုင် ၂**

ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက ဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများ၊ ပြန်လည်ဝင်ရောက်နေထိုင်လိုသည့် ပြည်သူများအား စနစ်တကျနေရာချထားပေးသွားမည့်အခြေအနေ၊ လုံခြုံရေးဆောင်ရွက်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကော်မရှင်အဖွဲ့ဝင် ဦးလွန်းဘော်၊ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံ၍ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များနှင့် သုံးသပ်တင်ပြချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အရည်အသွေးမြှင့်တင်ရေး အစီအစဉ်(၄) ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရည်အသွေးမြှင့်တင်ရေး အစီအစဉ်(၄) (Yangon Region Hluttaw Capacity Building Programme–4) ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Leadership & Management Workshop) ကို ယနေ့နံနက်ပိုင်းတွင် ပတ္တမြားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် PIU College မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး PIU College မှ တာဝန်ရှိသူများက ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် How to Be a Leader (Leadership)၊ Nation Building & State Building နှင့် Management Skills for Policy Makers ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




## ဘုတ်ပြင်းမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်ကောင်းမျိုးစပါး ပေးအပ်ပွဲအခမ်းအနား ကျင်းပ



ဘုတ်ပြင်း ဇူလိုင် ၂

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ စံပြကျေးရွာ တောင်သူများနှင့် အကျိုးဆောင် တောင်သူများအား မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး အထွက် ကောင်းမျိုးစပါး ပေးအပ်ပွဲကို ယနေ့တွင် ဘုတ်ပြင်းမြို့ သပြေ ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြား သည်။

ထို့နောက် ဘုတ်ပြင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးညွန့်ဝင်းက အထွက်ကောင်းမျိုးစပါး ပေးအပ် ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု လေးစုမှ အကျိုးဆောင်တောင်သူ ၈၅ ဦး ၏ မျိုးစပါးစိုက်ကေ ၄၂၅ ကေ အတွက် ဆင်းသုခမျိုးစပါး တင်း ၃၀၀၊ ပေါ်ဆန်းရင် မျိုးစပါး ၈၅ တင်း၊ အောင်နိုင်တိုး မျိုးစပါး တင်း ၄၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ပြည် ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်း စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် ဒေသအုပ်ချုပ်ရေးလုပ်ငန်း များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လုပ်ငန်း စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဥပဒေအရာရှိ စသည့်နည်းပြဆရာများက



ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို စတင်ပို့ချသင်ကြားပေးခဲ့သည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

## မင်းလှမြို့နယ်၌ လူမှုစီးပွားမြင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်) စီမံကိန်းမှသွင်းအားစုများ ထောက်ပံ့

အထက်မင်းလှ ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ (၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်



စပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား လူမှု စီးပွားမြင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းမှ သွင်းအားစု ထောက်ပံ့ ပေးအပ်ပွဲကို ယမန်နေ့က သမဝါယမဦးစီးဌာန၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဦးလွင်ညီညီက လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်) စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားကာ သမဝါယမ အသင်းသား တောင်သူများအတွက် စပါးအထွက်တိုးမျိုးနှင့် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

## သရက်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်



သရက် ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အုပ်ချုပ် ရေးမှူးများအတွက် ဥပဒေအသိ ပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်း (TOT) ဖွင့်လှစ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေး က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်နွေးနွေးလင်းက ဥပဒေ စွမ်းရည် မြှင့်တင်ပေးရန်အတွက် ရည်ရွယ်၍ သင်တန်းပို့ချ ပေးရ ခြင်းဖြစ်ကြောင်း ပြောကြား သည်။

အဆိုပါသင်တန်းကို ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၁ ဦးတို့အား ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေနှင့် နည်းဥပဒေများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေများ ကို နှစ်ရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြဆည်းဆာဘိုးဘွားရိပ်သာသို့ ကြက်ဥများ လှူဒါန်း

ကျိုက်မရော ဇူလိုင် ၂

မွန်ပြည်နယ် ကျိုက်မရော မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ် သမဝါယမအသင်းစုမှ အမှုဆောင်များ စုပေါင်း၍ ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်မည့် (၁၀၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က မော်လမြိုင် မြို့ မြဆည်းဆာဘိုးဘွားရိပ်သာရှိအဘိုးအဘွား ၆၅ ဦးတို့အား အာဟာရ ဒါနအဖြစ် ကြက်ဥအလုံး ၂၀၀ ကို မြို့နယ်ဦးစီးအရာရှိဒေါ်ကေသီခိုင်



နှင့် ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

သံဖြူဇရပ် ဇူလိုင် ၂

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြော ခြင်းကို ယနေ့မွန်းလွဲပိုင်းက အောင်ကုသိုလ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင်ဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့ မှူးက ကြီးကြပ်၍ မြို့မစခန်းမှူး ဒုတိယရဲမှူး မင်းနောင်နှင့် ဒုတိယရဲအုပ် မွန်မွန်ကျော်တို့က ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းဖြစ်စဉ် ဖြစ်ရပ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေး အသိပညာပေးဟောပြောခြင်း များ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မင်းဘူး(စကု)မြို့နယ်၌ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

မင်းဘူး ဇူလိုင် ၂

မင်းဘူး(စကု)မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယမန် နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်က မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး အတွက် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းတွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၅၅ ဦး တက်ရောက်ခဲ့ပြီး ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

မောင်မောင်(မင်းဘူး)



## အထက(၂) လက်ပံတန်း၌ တစ်သျှူးငှက်ပျော စုပေါင်းစိုက်ပျိုး

လက်ပံတန်း ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အား ဖြည့်စွက်အာဟာရကျွေးမွေးနိုင်ရေးစီမံချက်ဖြင့် ကျောင်းဝင်း အတွင်း တစ်သျှူးငှက်ပျောစုပေါင်း စိုက်ပျိုးခြင်းကို ယမန်နေ့က အထက (၂) ကျောင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို တက်ရောက် လာသူများထံ ပေးအပ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ ပူးပေါင်း၍ တစ်သျှူးငှက်ပျောပင်များကို စုပေါင်းစိုက်ပျိုးကြ သည်။

မြို့နယ်(ပြန်/ဆက်)

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့ သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက် နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်မှ ၉ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာ နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သားမြို့နယ်၌ (၁၀)တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ

မြစ်သား ဇူလိုင် ၂

မြစ်သားမြို့နယ်၌ ကောက်စိုက်စက်တွဲဖက်သုံး (၁၀) တန်းသွား မျိုးစေ့



ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် ပဒေသာစပါးမျိုး စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇွန် ၃၀ ရက်က ရွာသစ်ကျေးရွာရှိ တောင်သူဦးတင်မြင့်၏ လယ်မြေနှစ်ကေ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးမှူးက အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက သရုပ်ပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး သရုပ်ပြပွဲသို့ တက်ရောက်အားပေးကြသည်။

ဝါဝါမြင့် (မြစ်သား)

## ကျေးလက်လမ်းဖွံ့ဖြိုးရေးကွင်းဆင်းစစ်ဆေး

ကလော ဇူလိုင် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ ကျေးလက်ဒေသလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇွန် ၂၉ ရက်က ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဆွေ၊ ခရိုင်နှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ဘော်နင်းရွာသစ်-နတ်တော်-မြင်းတွင်း-ဝါးကြီးမြောင်လမ်းကတ္တရာခင်းခြင်း၊ မြင်းတွင်း-ချောင်းနီပေါက်လမ်း ကျောက်လမ်းခင်းခြင်း၊ မြက်ဆက်တောင်-ကျောက်တံခါး



လမ်း ကျောက်လမ်းခင်းခြင်း လုပ်ငန်းတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်

ကော့သောင်း ဇူလိုင် ၂

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီ အစည်းအဝေးခန်းမ၌



ဇွန် ၃၀ ရက်က ပြုလုပ်ရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ခရိုင် ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်ပြီး မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိတို့က သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး

မိုင်းဆတ် ဇူလိုင် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ယနေ့နံနက်ပိုင်းက မယ်ဆွမ်မြောက်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း (ကာန)၌ ဆောင်ရွက်ပေးသည်။

ထိုသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၇၁ ဦးအား နိုင်ငံသား



စိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(မိုင်းဆတ်)

## ထန်းတပင်မြို့နယ်၌ သစ်စိမ်းမြေဩဇာထယ်ထိုးမြေမြှုပ်ခြင်းနှင့် ဇီဝမီးသွေး(ဘိုင်အိုချာ)ပြုလုပ်ခြင်း သရုပ်ပြ

ထန်းတပင် ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အောင်မင်္ဂလာကွင်းအမှတ် (၄၅၅) တောင်သူဦးမြင့်စိုး၏ လယ်မြေငါးကေ၌ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး (ပိုက်ဆံလျှော်) သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်းနှင့် ဇီဝမီးသွေး(ဘိုင်အိုချာ) ပြုလုပ်ခြင်း သရုပ်ပြပွဲကို ဇွန် ၃၀ ရက်က ကျင်းပရာ တောင်ငူခရိုင် စီမံခန့်



ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကိုတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက အကျိုးကျေးဇူးများကို ပြောကြားကာ ဇီဝမီးသွေး (ဘိုင်အိုချာ) စပါးခွံမီးသွေးပြုလုပ်ခြင်းနှင့် စပါးခွံပေါင်းခံရည် ပြုလုပ်နည်း အဆင့်ဆင့်တို့ကို လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ကျိုင်းတုံ ဇူလိုင် ၂

ကျိုင်းတုံမြို့ ပြည်တွင်းအခွန်ဦးစီးဌာန၌ ဟိုတယ်/တည်းခိုခန်း လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းပွဲကို ဇွန် ၃၀ ရက်က ကျင်းပရာ ကျိုင်းတုံမြို့နယ် အခွန်ဦးစီးမှူး ဒေါ်ကေသွယ်ကျော်က စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း စသည့်ပြည်တွင်းအခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်း သိကောင်းစရာများကို



အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ဇွန်၂၉ ရက်က ရွှေပြည်သာမြို့နယ် သာစုကန် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပရာ သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်သင်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



ညောင်ဦးမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များတွင် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ/ မရှိနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်းကို ဇွန် ၂၉ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ ရဲဝင်းနိုင်(ညောင်ဦး)



(၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၂၉ ရက်က ချမ်းမြသာစည်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံး၌ မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ နားမကြားသော ကလေးများကျောင်းသို့ အလှူငွေကျပ်နှစ်သိန်းနှင့် သောက်ရေသန့်ကတ်များကို ပေးအပ်လှူဒါန်းစဉ်။ အလင်းသစ်( ပြန်/ဆက်)



အခမ်းအနားမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ဇွန် ၂၆ ရက်က ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ ရက်အထိ သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၀ တက်ရောက်ခဲ့စဉ်။ သျှင်ဦးမောင်(ဒက္ခိဏ)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး (၁/ ၂၀၂၆ ) သင်တန်းကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ဇူလိုင်၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀၀ တက်ရောက်သင်ကြားစဉ်။ မျိုးလှိုင်(တွံတေး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender ) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲမည့် တားဆီးဖမ်းဆီးကုန်ပစ္စည်းများ ထားသိုနိုင်ရန် Steel Structure, 1 Storeyed (40'x 60' x 18') ဂိုဒေါင် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၂၆ ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၄-၇-၂၀၂၆ရက် (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ထပ်မံကြေညာပါမည်။

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာန၊ ၇၈ လမ်း၊ကျွဲဆည်ကန် (၁)လမ်းထိပ်၊ ချမ်းမြသာယာရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်လက်ခံရွေးချယ်ရေးကော်မတီ**

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ အထက (၉)၊ Grade-10 တန်းမှ မအေးယုလှိုင်၏ မိဘအမည်မှန်မှာ ဦးဖေသိန်း ၁၀/ကမရ(နိုင်) ဝ၆၇ဝ၉၈နှင့် ဒေါ်ထွေးမူ ၁၀/ကမရ(နိုင်)၁၃၄၂၇၉ ဖြစ်ပါကြောင်း။

**ဦးဖေသိန်း-ဒေါ်ထွေးမူ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၅၇၀)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်အေးမြတ်ချယ် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၆/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသီဟရွှေဝင်း ၉/ပမန(နိုင်)၁၇၄၂၀၉ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မြမြဝင်း(ဘ)ဦးစိန်ထွန်း ၁၂/တမန(နိုင်)၀၆၃၈၁၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ (၀.၁၁၀ဧကေ)ရှိ မြေကွက်အမှတ် (ပ-၂၀၈၈၁)ကို အမည်ပေါက် ဒေါ်ရွှေသင်း(ခ)ရွှေဖော့(ဘ)ဦးတင် ၁၂/ဒဂန(နိုင်)၀၂၁၇၈၆မှ ဦးသန်းထွန်းဇော် (ဘ) ဦးသံချောင်း ၁၄/ကလန(နိုင်)၀၉၀၃၈၃နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ ဦးပိုင်အမှတ် (၇၂က)၊ ဧရိယာ (၀.၁၀၉)ဧကအား ဒေါ်မြင့်မြင့် (ဘ) ဦးထွန်းရီ ၉/တကန(နိုင်)၀၉၈၃၁၄မှ တပ်ကုန်းမြို့နယ်မြေစာရင်းဦးစီးဌာန ထောက်ခံချက် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၇၅၀/၂၀၂၆)၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## SHYANG JHUO YUE COMPANY LIMITED

(Company Registration No. 104921078)

(In Members' Voluntary Winding Up)

**Notice under section 357 (b) of Myanmar Companies Law and 211 (a) of Myanmar Insolvency Law**

**Final General Meeting relating to the voluntary winding up**

In pursuant of the section 357 (b) of Myanmar Companies Law and section 211 (a) of Myanmar Insolvency Law, all members of the Company are invited to attend the Final General Meeting of the **" SHYANG JHUO YUE COMPANY LIMITED"** (under liquidation) which will be held as per schedule mentioned below for the purpose of laying before it the account and giving any explanation thereof.

Meeting Date and Time : : 3rd, August 2026 @ 10:00 AM

Venue :: Online Meeting

U YE NOOS (Supreme Court Advocate)
YENOOS & ASSOCIATES CONSULTING LTD
Liquidator/Insolvency Practitioner (IP No. 101460)
Ph: (01) 8397234/8397235

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အထက (ပေါင်)ကျောင်း Grade-12 တန်းမှ မသင်းဝတီဖြိုး၏ ဖခင်အမည်မှန်မှာ စိုင်းနေလင်းထိုက် ၁၀/ပမန(နိုင်)၁၄၀၆၄၆ ဖြစ်ပါကြောင်း။

**စိုင်းနေလင်းထိုက်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အမှတ် (၃၀) အခြေခံပညာအထက်တန်းကျောင်း ချမ်းမြသာစည်မြို့နယ်မှ အထက်တန်းပြ တာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်ခင်မေလွင် ၁၃/တကန(နိုင်)၀၄၈၁၀၇ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၄-၆-၁၉၆၅) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥဿျစ်ပင်မြို့၊ အလယ်တန်းကျောင်း Grade-6 မှ မခွန်းဆင့်ရတီကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် (ခ) ဦးကျော်သူရအောင် ၁၄/ပသန(နိုင်)၂၀၃၀၀၇ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်(ခ)**
**ဦးကျော်သူရအောင်**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အထက (၂) တာမွေ Grade-4 မှ မသဲသဲထက်စံ၏ မိဘအမည်မှန်မှာ ဦးကျော်ထိုက် ၈/မသန(နိုင်)၀၇၁၇၈၈ နှင့် ဒေါ်အေးချို ၇/ညလပ(နိုင်) ၁၃၀၇၁၃ ဖြစ်ပါကြောင်း။

**ဦးကျော်ထိုက်-ဒေါ်အေးချို**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ မြေကွက်အမှတ် (ထ/၁၀၆)၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (က/၂၅/၁၀၀)၊ ဧရိယာ (၀.၀၅၆) ဧကအကျယ်ရှိ ဂရန်အမှတ်အမှတ် - RPNO - ၅၀ / V / ၂၀၀၂ - ၂၀၀၃ အရ ဒေါ်သောင်းရီ အမည်ပေါက် ဂရန်မြေကွက်အနက် ဧရိယာ (၀.၀၂၈) ဧက (ခေါင်းရင်းခြမ်း) အကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နုနုအောင် (ဘ) ဦးဝင်းကြည် (၁၀/မလမ (နိုင်) ၁၉၂၆၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်အောင်လတ် (ဘ) ဦးကြည်စန်း (၅/ဝလန(နိုင်)၀၆၅၉၂၆) က ပြန်လည်ဝယ်ယူရန်အတွက် ငွေအားစရန်ငွေပေးချေပြီးဖြစ် ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော် (ခ)** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LLB, DBL, DIPL, DIL)** | **အိသဥ္ဇာအောင်** | **(LLB, DBL)** |
| **(စဉ်- ၁၄၆၆၈)** | **(LL.B, DIPL)** | **(စဉ်-၂၀၀၇၈)** |
| | **(စဉ် - ၁၈၇၂၆)** | |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ် (၄၊မိသားရပ်)၊ ဦးပိုင်အမှတ်(၁၅၇/၂)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေကွက်သည် မူလက ဦးကောင်းလှိုင်အမည်ဖြင့် (၃၀-၆-၂၀၂၂)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ဦးကောင်းလှိုင်သည် (၁၅-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး၊ ဇနီး/သား/သမီး/မြေးများဖြစ်ကြသည့် ဒေါ်မိမိတင်၊ ဒေါ်သန်းလှ၊ ဒေါ်မာမာကြည်၊ ဦးနေလင်းအောင်၊ ဒေါ်ဝင်းမာ၊ ဒေါ်တင်မိုးဦး၊ ဒေါ်တင့်တင့်ထွန်း၊ ဦးဟိန်းသူဝင်း၊ ဒေါ်ဝေမာအောင်တို့(၉)ဦးမှ (၂၅-၃-၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၈၀/၂၀၂၆)အရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြထားပြီး၊ (၂၃-၄-၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၂၅/၂၀၂၆) အရ ဒေါ်မိမိတင်ပါ(၈)ဦးမှ ဒေါ်ဝင်းမာအမည်သို့ အပြီးအပိုင်စွန့်လွှတ်စာချုပ်ဖြင့် စွန့်လွှတ်ခဲ့ပြီး၊ ဒေါ်ဝင်းမာ ၁/မကန(နိုင်) ၀၉၃၅၃၈ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

